www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com







မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ပခန်းငယ်၏ မြောက်ဘက်တွင်

ချစ်သူရွာဆိုသည့် ရွာလေးတစ်ရွာရှိပါသည်။

# ကျူမှ






ဤဝတ္ထုတွင် ပါရှိသော ချစ်သူရွာလေးသည်

ထူးဆန်းသည့် အချစ်ကိစ္စများရှိသော

ရွာလေးတစ်ရွာလည်းဖြစ်ပါသည်။

# ချစ်သူရွာ






www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

| | |
|---|---|
| တမူခွင့်ပြုချက်အမှတ် | ၅၀၀၀၃၂၁၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ၅၀၀၁၀၄၀ ၁၉ |
| ထုတ်ဝေသူ | ဦးဝင်းသူရသွင် (အိပ်မက်အသင်္ဂါစာပေ) ၃၈ (၃ လွှာ) ၁၅၃-လမ်း၊ တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဦးဇော်မြင့်ဝင်း (အာသာဇုန်ပုံနှိပ်တိုက်) ၁၈၄(ဘီ) ၃၁ လမ်း (အထက်) ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | Nay Myo S.. |
| ပုံနှိပ်ခြင်း | ..ပထမအကြိမ် ဖေဖော်ဝါရီလ၊ ၂၀၀၉ ခုနှစ် |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၂၀၀ ကျပ် |


**အိပ်မက်အသင်္ချေ** မှထွက်ရှိပြီးစာအုပ်များ


| | |
|---|---|
| ၁။ ပြာဖြစ်သွားသော..ပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ အဆောင်သူအတွက်. . . | ဝေမှူးသွင် |
| ၃။ ဂလိုဘယ်လိုက်ဇေးရှင်း ရွှေတောင်းလူဆိုး..... | မောင်စူးစမ်း |
| ၄။ ဝလက်စီဒီဒွာနှင့်သံဖော်စီးလျှံ | တာရာလင်းနွယ် |
| ၅။ မိုးရာသီပတ်ဖျိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၆။ ကမ်းဝေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ သူ့ရဲ့ကောင်းပြနေငှ်ရွေ့လျားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ မူကြိုတစ်ဦး၏ဖါလူဒါအရသာ | ဝေမှူးသွင် |
| ၉။ ကြက်..ဝတ်မှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။မင်းလူ. . ဝေမှူးသွင်. . Lမင်းပြည့်မွန် | မင်းလူ၊ဝေမှူးသွင်၊ L မင်းပြည့်မွန် |
| ၁၁။ ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | L မင်းပြည့်မွန် |
| ၁၂။ အိပ်မက်တစ်မက်တ | ရွှေထိုင |
| ၁၃။ တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ L မင်းပြည့်မွန် |
| ၁၄။ အနေးသွားလွန်းပုံယာဉ် | ဝေမှူးသွင် |
| ၁၅။ ဟိုး. . . ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ ငှက်ဆိုးတွန်ချိန် | သတိုးဇော |
| ၁၇။ စောင့်နေသူ | သတိုးဇော |
| ၁၈။ ညဉ့်နက်သန်းခေါင်ခွေးတစ်ကောင် | သတိုးဇော |
| ၁၉။ ကျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |
| ၂၀။ မိစ္ဆာမျက်ရည် | ဒေဝလက်ျာ |
| ၂၁။ စွဲလမ်းခြင်းခရီးသည် | သတိုးဇော |
| ၂၂။ မာယာကစားပွဲ | လင်းညို့သွေး |
| ၂၃။အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ ချစ်သူရွာ | လူနေ |


ဆက်လက်ထွက်ရှိမည့်စာအုပ်များ


| | |
|---|---|
| ၂၅။ အမှောင်ကြောက်သူ | သတိုးဇော၊ ဒေဝလက်ျာ |
| ၂၆။ ယမမင်းရဲ့ကဗျာ | ဒေဝလက်ျာ |
| ၂၇။ ညည်းတွားမြှုပ်တဲ့ဝိုသံ | သတိုးဇော |
| ၂၈။ ဒေးရယ် | လူနေ |


**အိပ်မက်အသင်္ချေ**

အမှတ်-၃၈၊ (၃-လွှာ)၊ ၁၅၃ လမ်း၊ တာမွေမြို့နယ်၊

ဖုန်း-၀၉၅၁၁၂၄၂၈၊ ၅၅၁၄၁၃

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit
38 (3rd-fl), 153rd Lane, Tamwe Ts, Yangon.
095112428, 551403

# လူနေ

ချစ်သူရွာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ပခန်းငယ်၏မြောက်ဘက်တွင် 'ချစ်သူရွာ' ဆိုသည့် ရွာလေးတစ်ရွာရှိပါသည်။

ထိုရွာလေးသည် ထူးဆန်းသည့် အချစ်ကိစ္စများရှိသော ရွာလေးတစ်ရွာလည်း ဖြစ်ပါသည်။

တစ်နေ့ ...

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



[၁]

တက္ကသိုလ်တစ်ခု၏ကျောင်းစာသင်ခန်းတစ်ခုတွင် ဆရာတစ်ယောက်သည် ကျောင်းသားကျောင်းသူများကို စာသင်လျက်ရှိသည်။

အာဘောင်အာရင်းသန်သန် ဟောပြောပို့ချသင်ကြားမှုကြောင့် စာသင်သားအားလုံးသည် ငေးမောကာ စိတ်ဝင်တစားနားထောင်နေကြသည်။

သင်ကြားနေသော ဆရာမှာ ပါမောက္ခတစ်ဦးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေတတ်သောကြောင့် ကျောင်းသား ကျောင်းသူများက လေးစားချစ်ခင်ကြသည်။

ခဏကြာသောအခါတွင် ဆရာသည် စာသင်ကြားမှုအားရပ်နားလိုက်ပြီး -

**အိပ်မက်အသစ်**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



''ကဲ...နောက်တစ်ပတ်ဆိုရင် ကျောင်းပိတ်တော့မယ်။ အားလုံးပျော်နေကြမှာပေါ့''

ဟု မေးလိုက်၏။

''ဟုတ်ကဲ့ပါ ဆရာကြီး''

''အေး...အေး၊ လူငယ်သဘာဝအရတော့ ပျော်မှာပေါ့ကွာ၊ ဆရာကတော့ ကျောင်းပိတ်ရက်မှာ ဆရာ့သူငယ်ချင်းတစ်ယောက်က ဖိတ်ထားလို့ ရွာလေးတစ်ရွာကို သွားလည်ရဦးမယ်''

ဤတွင် အမေးအမြန်းထူသော ကျောင်းသားလေးတစ်ယောက်က -

''ဘယ်ရွာကိုလဲ ဆရာကြီး''

ဆရာက မြေပြုများကို ဖူးလေးထဲထည့်ရင်း -

''ချစ်သူရွာကို သွားရမှာပါ''

''ဟင်''

ကျောင်းသား၊ ကျောင်းသူများအားလုံး စိတ်ဝင်စားသွားကြသည်။

'ချစ်သူရွာ' ...တဲ့။ သူတို့ မကြားဖူးသော နာမည်တစ်ခုဖြစ်သည်။ ထိုအမေးအမြန်းထူသော ကျောင်းသားလေးကပဲ -

''ဗျို...ဆရာကြီးချစ်သူရှိတဲ့ရွာကို ပြောတာလား''

ဟု မေးပြန်၏။





ဆရာက ပြုံးလိုက်ရင်း -

''မဟုတ်ပါဘူး၊ ရွာရဲ့နာမည်ကိုက 'ချစ်သူရွာ'တဲ့။ သိပ် စိတ်ဝင်စားစရာကောင်းတဲ့ ရွာလို့လည်း ပြောတယ်''

''ဒါဆို ဆရာကြီးတစ်ခေါက်မှ မရောက်ဖူးဘူးပေါ့''

''အင်း...ဟုတ်တယ်''

''ဘယ်လို စိတ်ဝင်စားစရာကောင်းတဲ့ရွာလဲ ဆရာကြီး''

''အချစ်နဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာလေးတွေရှိတယ်လို့ ပြောတယ်''

အချစ်နဲ့ပတ်သက်တယ်ဆိုသောကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။ လူငယ်တွေပဲ...အချစ်ကို စိတ်ဝင်စားကြတာပေါ့။

ထိုရွာမှာ အချစ်နဲ့ပတ်သက်ပြီး ဘာတွေရှိလို့လဲ။

''ဆရာနဲ့အတူ ဆရာကျော်လည်း လိုက်မှာပါ''

ဆရာကျော်မှာ သူတို့မေဂျာ၏ လူပျိုကြီးဆရာတစ်ဦးဖြစ်သည်။

''ပျော်စရာကြီးနေမှာပဲနော်''

''နာမည်လေးက ချစ်စရာလေး''

''အဲဒီရွာမှာ ဘာတွေရှိလဲ မသိဘူး''

စသည်ဖြင့် ကျောင်းသား၊ ကျောင်းသူများအကြား တီးတိုး၊ တီးတိုးစကားသံများ ထွက်ပေါ်လာကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဆရာက အားလုံးကို တစ်ချက်ကြည့်လိုက်ပြီး -

''အဲဒီချစ်သူရွာက ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်မှာရှိတယ်။ အသေးစိတ်ပြောရရင် ပခန်းငယ်ရဲ့ မြောက်ဘက်မိုင်အနည်းငယ်အကွာမှာရှိတယ်''

အားလုံး ဘာမှပြန်မပြောဘဲ ဆရာ့စကားကိုသာ နားထောင်နေကြသည်။

အရင်တုန်းက အတန်းပြီးလျှင် ဝရန်းသုန်းကား ထွက်ကြသော ကျောင်းသား၊ ကျောင်းသူများအားလုံးသည် အခုအတန်းမဆင်းကြဘဲ ဆရာ၏ချစ်သူရွာလက်ချာကို ဆက်နားထောင်နေကြသည်။

''ဆရာပြန်လာမှပဲ ချစ်သူရွာအကြောင်း အသေးစိတ်ပြောပြတော့မယ်''

ဟု ဆိုပြီးနောက် အတန်းဆင်းလိုက်၏။

ဤတွင် အတန်း၏ထောင့်နားတွင် မျက်နှာသုန်သုန်မှုန်မှုန်နှင့်ထိုင်နေသော ကျောင်းသားတစ်ယောက်ကို အားလုံးက သတိမပြုမိကြချေ။

စိတ်ညစ်နေပုံရသည်။

သူသည် ကျောင်း၌နာမည်ကြီး ကျောင်းသားတစ်ဦးဖြစ်ပြီး ဉာဏ်လည်းထက်မြက်၏။

အရင်က ခပ်သွက်သွက်ဖြင့် စကားပြောကောင်းသော ထို





ကျောင်းသားသည် ဘာကြောင့်အခု ငြိမ်သက်နေရပါသလဲ။

ယနေ့ သူသည် အားလုံးနှင့် စကားမပြောဘဲ ငြိမ်ငြိမ်လေး ထောင့်ကပ်ထိုင်နေခြင်း ဖြစ်သည်။

အတန်းထဲက ဆရာကြီးထွက်သွားသောအခါတွင် ထိုကျောင်းသားသည် ထိုင်နေရာမှထလိုက်၏။

ထို့နောက် ဆရာကြီးနောက်သို့လိုက်သွားလေ၏။

ထိုကျောင်းသား၏အမည်မှာ 'မောင်လွယ်'ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



[၂]

''ဆရာကြီး''

ဆရာကြီးသည် သူ့ကိုခေါ်သံကြားသောကြောင့် ခြေလှမ်းများ ရပ်ကာ နောက်သို့လှည့်ကြည့်လိုက်သည်။

''ဪ ...မောင်လွယ်''

မောင်လွယ်က ဆရာကြီးရှေ့၌ ရိုရိုသေသေရပ်လိုက်ပြီး

''ဆရာကြီးကို ပြောစရာရှိလို့ပါ''

''အေး ...ပြောလေ''

''ကျွန်တော် ဆရာကြီးနဲ့အတူ ချစ်သူရွာကို လိုက်ခဲ့ချင်ပါ တယ်''

''ဟေ''

ဆရာကြီးမှာ အံ့ဩသွားပြီး 'ဟေ'ဟုပင် အသံရှည်ကြီး





ထွက်သွားသည်။

အရင်ဟုန်းက ပျော်ပျော်နေတတ်သော၊ စကားကတ်သော မောင်လွယ်မှာ ပစ်ခုခုဖြစ်နေမှန်း ဆရာကြီးရိပ်မိလိုက်သည်။

''ဘာဖြစ်လို့လဲကွ''

''ကျွန်တော် အခုတလော စိတ်မပျော်ရွှင်လို့၊ ခရီးတစ်ခု လောက်ထွက်ချင်နေလို့ပါ။ ပြီးတော့ ဆရာကြီးပြောတဲ့ ရွာကို စိတ် လည်းဝင်စားလို့ပါ''

မောင်လွယ် ထူးထူးဆန်းဆန်းလုပ်တတ်ပြီး၊ စိတ်ဝင်စားတတ် တာကိုတော့ ဆရာကြီးအပြင် တစ်ကျောင်းလုံးက သိသည်။

''အခုသွားမယ့်ရွာက ငါလည်းတစ်ခါမှ ရောက်ဖူးတာ မဟုတ်ဘူးနော်။ နည်းနည်းတော့ အခက်အခဲရှိမယ်''

''ရပါတယ် ဆရာကြီး''

မောင်လွယ်ပါလျှင် အဖော်ရသည့်အပြင် အကူအညီပင် ရနိုင် သည်ဟု ဆရာကြီးက ယုံကြည်သည်။

ထို့ကြောင့်...

''အေးလေ...ဒါဆိုလည်း လိုက်ခဲ့ပေါ့။ ငါရယ်၊ မင်းရယ်၊ ဆရာကျော်ရယ် သုံးယောက်သွားကြတာပေါ့''

မောင်လွယ်၏မျက်နှာမှာ စောစောက မျက်နှာအနေအထား နှင့်မတူတော့ဘဲ ပြုံးရွှင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးပါပဲ ဆရာကြီး''

ဟု မောင်လွယ်ကို ပြောလိုက်လေ၏။

■



ဆရာကြီး၏အမည်ကိုတော့ အားလုံးက 'ဦးကာလဖေ' ဟု ခေါ်ကြ၏။ မည်သို့ဆိုသော် ပရော်ဖက်ဆာကြီးသည် စကားပြောတိုင်း 'ဒီကာလကြီးက အီဖေကို တို့ကာလပါကွ' ဟု ပြောပြောတတ်သော ကြောင့်ဖြစ်သည်။ ထို့ကြောင့် ပရော်ဖက်ဆာ 'ဦးကာလဖေ' ဟု ခေါ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

'ဆရာကျော်'မှာ လူပျိုကြီးတစ်ဦးဖြစ်ပြီး နာမည်အရင်းမှာ 'ကိုလွင်'ဖြစ်သည်။ အားလုံးက သူ့ကိုနာမည်အရင်းအတိုင်းမခေါ်ဘဲ 'ဆရာကျော်'ဟု ခေါ်ကြ၏။ ဘာကြောင့် ထိုသို့ခေါ်ကြတာလဲ …။ ဒီလိုပါ …။ သူကြိုက်တဲ့ကောင်မလေးတိုင်းက သူ့ကို 'ကျော်ကျော်' သွားကာ အခြားလူနောက်ပါသွားတတ်သောကြောင့် ဖြစ်သည်။ သူသည် သဘောကောင်းသောဆရာတစ်ဦးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ရောရောနှောနှောနေတတ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများကလည်း သူ့ကိုချစ်ခင်တတ်ကြသည်။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com

မောင်လွယ် ...။

သူကတော့ ကျောင်းမှာ သိပ်နာမည်ကြီးတဲ့ ကျောင်းသားတစ်ဦးပေါ့။ စကားပြော သိပ်ကောင်းတယ်လို့ ကျောင်းသူများက လက်ခံထားသူလည်းဖြစ်တယ်။

တစ်ခုခုလုပ်ပြီဆိုရင် လူတိုင်းစိတ်ဝင်စားအောင် လုပ်တတ်တယ်။ ပျော်ပျော်နေတတ်တဲ့အတွက်ကြောင့်လည်း အားလုံးနဲ့လည်း ရင်းရင်းနှီးနှီးရှိတတ်သေးတယ်။

ပြောရရင်...သူ့ကို အားလုံးက စိတ်ဝင်စားကြတယ်။

ချစ်ကြတယ်။

ခင်ကြတယ်ပေါ့။

သူ့ကို တော်တော်များများက ပြောကြတယ်။

'ချစ်ခြင်းတွေ လွယ်ထားတဲ့ မောင်လွယ်' ...တဲ့။

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနဲ့ ...

တစ်နေ့မှာ ထိုသုံးယောက်သည် ချစ်သူရွာသို့ ခရီးစတင်ထွက်ခဲ့ကြ၏။

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com

ထိုရွာလေးကို အားလုံးက 'ချစ်သူရွာ'ဟု အမည်ပေးထားကြသည်။

ဘာကြောင့် 'ချစ်သူရွာ'လို့ အမည်ပေးထားရတာလဲ။

ထူးဆန်းတဲ့ အချစ်ဓလေ့များရှိလို့လား။

ဘယ်သူမှ မသိကြ ...။

ထိုရွာလေးကို ချစ်သူရွာဟုပင် ဆက်ခေါ်နေကြဆဲဖြစ်သည်။

ထူးခြားတာတစ်ခုက သူတို့တစ်ရွာလုံးသည် **'အချစ်ကိစ္စနှင့်ပတ်သက်လျှင် ပွင့်ပွင့်လင်းလင်း'**ရှိကြခြင်းဖြစ်သည်။





[၃]

ထနောင်းပင်နှင့် တမာပင်တန်း၏အရိပ်များအုံ့ဆိုင်းကာ အေးမြနေသော လမ်းလေးတစ်ခုတွင် ဖြစ်သည်။

ထိုလမ်းလေးတွင် လူသုံးယောက်သည် အထုပ်ကိုယ်စီဖြင့် ရှေ့ကိုမျှော်ကြည့်ကာကြည့်ကာဖြင့် လမ်းလျှောက်လာလေ၏။

''ချစ်သူရွာကို မရောက်သေးဘူးလား ဆရာကြီး''

ထိုသုံးယောက်ထဲမှ လူငယ်လေးတစ်ယောက်က အသက်ကြီးသောသူတစ်ယောက်ကိုမေးလိုက်၏။

''ရောက်တော့မယ် ထင်တယ်''

သူက ပြန်ပြော၏။

ထိုစဉ် ခပ်လှမ်းလှမ်းတွင် ဇရပ်တစ်ခုကို တွေ့လိုက်ရသည်။

ထိုဇရပ်တွင် ဈေးသည်အမျိုးသမီးလေးယောက်သည် သူတို့



www.burmeseclassic.com

www.burmeseclassic.com



၏ ခေါင်းရွက်တောင်းများကိုချကာ အမောဖြေနေကြ၏။

""သူတို့ကို မေးကြည့်ပါလား""

သုံးယောက်ထဲမှ လူလတ်ပိုင်းအရွယ်က လူငယ်လေးကို လှမ်းပြောလိုက်သည်။

လူငယ်ကလည်း ...

""ဟုတ်ကဲ့ ...ဆရာကျော်""

ဟုဆိုကာ ထိုအမျိုးသမီးလေးယောက်ကို လှမ်းမေးလိုက်သည်။

""ချစ်သူရွာကိုရောက်ဖို့ တော်တော်လိုသေးလားမသိဘူး""

အမျိုးသမီးလေးယောက်က လူငယ်လေးကိုကြည့်၏။

ထို့နောက် ထိုလေးယောက်ထဲမှ တစ်ယောက်က ဘာမဆိုင် ညာမဆိုင် ...

""ဒီဇရပ် နာမည်က တစ်ဝက်ဇရပ်လို့ခေါ်ပါတယ်""

ဟု ပြန်ဖြေ၏။ ထိုသို့ ဖြေပြီးနောက် ဈေးသည်လေးယောက်သည် ကိုယ့်ဟောင်းကိုယ်ရွက်ကာ ထွက်ခွာသွားလေ၏။ မောင်လွယ်မှာ ဘာလုပ်လို့ လုပ်ရမှန်းမသိသည့်အနေအထားဖြင့် ကျန်ခဲ့သည်။ ထိုအမျိုးသမီးပြောသွားသော စကားကိုလည်း နားမလည်။ ပြန်မေးလို့လည်းမရနိုင့် စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

သို့သော် ထိုအမျိုးသမီးလေးယောက်သည်လည်း ချစ်သူရွာမှ





ဖြစ်ပေလိမ့်မည်ဟု ရိပ်မိလိုက်သည်။

ထို့အပြင် ထိုအမျိုးသမီးအဖြေတွင် အကွာအဝေးတစ်ခုခုပါ ပါလိမ့်မည်ဟု အားလုံးက တွေးမိလိုက်ကြသည်။

အမျိုးသမီးလေးဦးထွက်သွားသောအခါတွင် အသက်ကြီးသောသူက လူငယ်ဘက်လှည့်ကာ-

""မောင်လွယ်""

""ဗျာ...ဆရာကြီး""

""မင်းဘယ်လိုထင်လဲ""

သူ ခဏမျှစဉ်းစားလိုက်ပြီး -

""အခုရောက်နေတဲ့ဇရပ်က တစ်ဝက်ဇရပ်လို့ သူတို့ ပြောသွားတယ်ဆိုတော့ စဉ်းစားစရာပဲ ဆရာကြီး""

""ဟုတ်တယ်""

""ပြီးတော့ ကျွန်တော်တို့ အခုလျှောက်လာတဲ့ မြေနီလမ်းက ခန်းကြီးမြို့ကစတယ်""

""အင်း""

""ကျွန်တော်တို့ သွားမယ့်ရွာကလည်း ဒီမြေနီလမ်းမှာရှိတဲ့ ခန်းငယ်ရဲ့ အကျော်လေးမှာရှိတယ်ဆိုတော့ ဒီလမ်းရဲ့တစ်ဝက်မှာ ဆောက်ထားတဲ့ ဇရပ်ဖြစ်တဲ့အတွက် တစ်ဝက်ဇရပ်လို့ အမည်ပေးထားတာဖြစ်မယ်""



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို ငါတို့က ပခန်းကြီးကနေ ဒီအထိလာခဲ့တဲ့ လမ်းအချိုးအတိုင်း ရှေ့ဆက်သွားရမယ် ပေါ့''

''အဲဒီလိုပဲ ဖြစ်ဖို့များပါတယ် ဆရာကြီး''

ထိုလူကြီးက ဘာမှပြန်မပြောတော့။

လူငယ်လေးရဲ့ဆရာတစ်ဦးဖြစ်ပုံရသော လူရွယ်(လူလတ်ပိုင်း)ကသာ ခေါင်းတဆတ်ဆတ်ညိမ့်နေ၏။

ထိုလူသုံးယောက်မှာ...ပရော်ဖက်ဆာဦးကာ[illegible]မေ့၊ ဆရာကျော်နှင့် မောင်လွယ်တို့ဖြစ်ကြသည်။

■









www.burmeseclassic.com

www.burmeseclassic.com



[၄]

''ဆရာကျော်···ဟိုမှာ ချစ်သူရွာထင်တယ်''

မောင်လွယ်က သူ့ဆရာအား လှမ်းပြောလိုက်သည်။

''အေး···ဟုတ်တယ်၊ ဟိုမှာ ရွာနာမည်ဆိုင်းဘုတ်ကွ''

သူတို့အားလုံးမှာ ဝမ်းသာအားရဖြစ်သွားသည်။

မည်သို့ဆိုသော် ချစ်သူရွာဆိုသော ရွာနာမည်ကိုတွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ရွာလေးသည် အပြင်ဘက်ကကြည့်လျှင် ရိုးရိုးရွာလေးတစ်ရွာဟု ထင်ရသည်။

သို့သော် ရိုးရှင်းမှု၏နောက်ကွယ်တွင် ဆန်းပြားမှုများရှိနိုင်သည်ဟု အားလုံးတွေးမိကြသည်။ ထို့ပြင် ···

ထူးဆန်းသော အချစ်မလေ့များကို တွေ့ရတော့မည်။

လေ့လာရတော့မည် ···

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



စူးစမ်းရတော့မည် …

ဆိုသော စိတ်ကူးများနှင့်အတူ ရွာထဲသို့ လှမ်းဝင်လိုက်၏။

တိုစဉ် ခပ်ဆန့်ဆန့်ဆိုင်းဘုတ်တစ်ခုအား လှမ်းတွေ့လိုက်ရသည်။

"ဟင်"

■



ယောကျ်ားများ အလုပ်,လုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



[၅]

သူတို့သုံးယောက်သည် ထိုထူးထူးဆန်းဆန်းဆိုင်းဘုတ်အား အတန်ကြာသည်အထိ စိုက်ကြည့်နေမိကြသည်။ 'ယောကျ်ားများ အလုပ်,လုပ်နေသည်' တဲ့ ...။

စိတ်ဝင်စားသွားကြသည်။

ထို့ကြောင့် ဆိုင်းဘုတ်၏ခပ်လှမ်းလှမ်းသို့ လှမ်းကြည့်လိုက်၏။

တဲတစ်လုံးအား တွေ့ရသည်။

''ဆရာကြီး ···ကျွန်တော်တို့ သွားကြည့်ရအောင်''

''အေး ···ကောင်းတယ်၊ ငါလည်း စိတ်ဝင်စားနေတယ်''

ဤသို့ဖြင့် မောင်လွယ်၊ ပဂေါ်ဖက်ဆာနှင့် ဆရာကျော်တို့ သုံးယောက်သည် ထိုတဲဆီသို့ လျှောက်သွားလိုက်ကြ၏။





'သူတို့ဘာလုပ်နေကြတာလဲ' ဟူသော စိတ်ဝင်စားမှုကြောင့် ခြေလှမ်းတို့က သွက်နေသည်။

''မြန်မြန်လာပါ ···ဆရာကျော်ရဲ့''

မောင်လွယ်က သူ့ဆရာကို အားမလိုအားမရ လှမ်းခေါ်လိုက်သည်။

ဒါကြောင့်လည်း လူပျိုကြီးဖြစ်နေတာဟုလည်း တွေးလိုက်မိသေးသည်။

မကြာမီ တဲရှေ့သို့ရောက်သွား၏။

တဲရှေ့တွင် ခဏရပ်လိုက်ကြ၏။

ထို့နောက် တဲထဲသို့ လှမ်းဝင်လိုက်သည်။

''ဟာ''

ယောကျ်ားများအားလုံး ထန်းရည်သောက်နေသည်ကို တွေ့လိုက်ရသည်။

မောင်လွယ်တို့မှာ ထိုမြင်ကွင်းကြောင့် ရယ်ချင်ချင်ဖြစ်သွားသည်။

ထန်းရည်သောက်သူများကလည်း ပြုံးစားကြီးဝင်လာသော သူစိမ်းသုံးယောက်အား ပြန်ငေးကြည့်နေကြ၏။

ဆရာကျော်က တိုးတိုးလေးကပ်ပြောသည်။

''အင်းလေ ···ထန်းရည်သောက်တယ်ဆိုတာကလည်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေရဲ့အလုပ်တစ်ခုပဲ။ သူ့ဆိုင်းဘုတ်နဲ့သူတော့ ဟုတ်နေတာပဲ''

ဆရာကျော့် စကားကြောင့် မောင်လွယ်နှင့် ပရော်ဖက်ဆာမှာ အားရပါးရ ရယ်လိုက်လေ၏။

■





[၆]

သူတို့သုံးယောက်သည်လည်း ယောက်ျားများဖြစ်သောကြောင့် အလုပ်လုပ်ရန်အတွက် ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သည်။

သို့သော် ပရော်ဖက်ဆာက 'အလုပ်မလုပ်ရန်' သတိပေးသည်။ထို့ကြောင့် ခုံတွင်ဝင်ထိုင်လိုက်သော်လည်း ဘာမှမမှာဘဲ နေကြ၏။

'အလုပ်လုပ်နေကြသော ရွာသူရွာသားများ' က သူတို့ကို ကြည့်နေကြသည်။

သူစိမ်းများဖြစ်သောကြောင့်ဖြစ်သည်။

ပရော်ဖက်ဆာက အနီးအနားရှိ ရွာသားတစ်ယောက်အား

''ရွာသူကြီး . . . ဦးအေဖုန်းတို့အိမ် ဘယ်နားမှာလဲ သိချင်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်၏။

''ဦးတို့က သူကြီးရဲ့မိတ်ဆွေတွေလား''

''ဟုတ်ပါတယ်''

ထန်းရည်သောက်နေသော ရွာသူရွာသားများ၏အကြည့်များသည် သူတို့သုံးယောက်အပေါ်မှာပဲ ရောက်နေကြသည်။

သူတို့ ရွာလေးသို့ မြို့သားများ ရောက်လာလေ့မရှိ။

လူသိနည်းသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ယခုရောက်ရှိလာသော မြို့သားပုံစံပေါက်သည့် လူသုံးယောက်အား စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

''ဟုတ်ကဲ့…ကျွန်တော် ပြောပြပါ့မယ် သေချာမှတ်ထားနော်''

''အေး…ကျေးဇူးပါပဲ''

ရွာသူရွာသားများက လမ်းညွှန်မည့်ရွာသားကို ကြည့်နေလိုက်၏။

ချစ်သူရွာ၏ထုံးစံအတိုင်း လုပ်တော့မည်ဟု သိလိုက်သောကြောင့်ဖြစ်သည်။

မောင်လွယ်က ထိုရွာသားပြောမည့် စကားကိုနားထောင်လိုက်သည်။

''ရွာလမ်းမကြီးအတိုင်း ဒွိဟဖြစ်လာတဲ့အထိ သွား''





''ဗျာ''

မောင်လွယ် ကြောင်သွားသည်။

နားမလည်။ ပရော်ဖက်ဆာနှင့် ဆရာကျော်တို့သည်လည်း သူ့လိုပင်ဖြစ်သွားသည်။

ရွာသားကတော့ ဂရုမစိုက်ဘဲ သူ့စကားကိုသာ ဆက်ပြော၏။

''ဒွိဟဖြစ်လာရင် ဘယ်ဘယ်ညာညာကြည့်''

''ဟုတ်…ဘာကို''

သူပြန်မေးတာကို လက်မခံတော့။

နောက်တော့မှ မောင်လွယ်ရိပ်မိသွားသည်။ ဒါဟာ ချစ်သူရွာထုံးစံလား…။

ထို့ကြောင့် ရွာသား၏စကားကို ထပ်မမေးတော့ဘဲ သူပြောတာသာ နားထောင်နေလိုက်သည်။

''ပြီးရင် ဘယ်လမ်းစဉ်လိုက်မလဲ စဉ်းစား''

''အင်း''

''နောက်ပြီး အခြောက်အိမ်က မျောက်ကိုတွေ့ရင် သူကြီးအိမ်ကိုတွေ့ပြီ''

ရွာသားက သူ့စကားကို အဆုံးသတ်လိုက်သည်။

ထန်းရည်သောက်နေသော ရွာသားများက လမ်းညွှန်သော



www.burmeseclassic.com

www.burmeseclassic.com



ရွာသားအားကြည့်ပြီး …

''ကိုတူး…မင်းလမ်းညွှန်တာ မိုက်တယ်။ အသစ်အဆန်း ပြောနိုင်တယ်၊ ကိုတင်ညွန့် သင်ပေးထားတဲ့ အင်္ဂလိပ်စကားနဲ့ ပြောရရင် ယူအာဗဲရီးဂွဒ်(စ်)ပဲ၊ ရော့…ငါ့ဆီက တစ်ခွက်သောက်''

ဟုဆိုပြီး တစ်ယောက်စ၊ နှစ်ယောက်စက သူ့ကိုထန်းရည်ခွက်များထိုးပေး၏။

မောင်လွယ်တို့မှာသာ ဘာပြောလို့ ပြောရမှန်းမသိဘဲ ဖြစ်နေသည်။ ထိုစဉ် ရွာသားတစ်ယောက်က -

''မိတ်ဆွေတို့က အလည်သက်သက်ပဲလား''

ဟု မောင်လွယ်ကိုကြည့်ကာ မေးလိုက်၏။

မောင်လွယ်က -

''မဟုတ်ပါဘူး။ ကျွန်တော်တို့က ရွာသူ၊ရွာသားတွေကို ပုံပြင်တစ်ပုဒ်လာပြောတာပါ''

''ဟင်''

အားလုံးက မောင်လွယ်စကားကို စိတ်ဝင်စားသွားပြန်သည်။

ပရော်ဖက်ဆာနှင့် ဆရာကျော်ပင် မောင်လွယ်ကို အူကြောင်ကြောင်ဖြင့် ကြည့်လိုက်၏။

'ဒီကောင် ဘာပြောတာလဲပေါ့'ဟူသော အကြည့်…။

''ပြောပါဦးကွ…ဘာပုံပြင်လဲ''





မောင်လွယ်ကလည်း ခပ်တည်တည်ပင်။ သူတို့တောင်မှ ကိုယ့်ကိုပဟေဠိတွေ လုပ်ကြတာပဲ။ မောင်လွယ်လည်း ဘယ်ခံမလဲ။ အကြောင်းတော့ နည်းနည်းပြုရမှာပေါ့။ အလည်သက်သက်မဟုတ်၊ လေ့လာစရာရှိတာတွေ လေ့လာမည်။ သုတေသနသဘောမျိုးပေါ့။ သို့သော်ရိုးရိုးပြောရင် သူတို့စိတ်ဝင်စားမည်မဟုတ်။ သူတို့ကို နည်းနည်းတော့ ခေါင်းစားပေးရမည်ဟု မောင်လွယ်က တွေးလိုက်သည်။ ထို့ကြောင့်…

''တစ်ခါတုန်းကဗျ''

ဟု စလိုက်လေ၏။

''အင်း…လုပ်ပါဦး''

ဟု အားလုံးက တောင်းဆိုလိုက်သည်။

မောင်လွယ်ကလည်း…'ဒီလိုဗျ'ဟုဆိုကာ ပုံပြင်အားဣန္ဒြေကရိကားကျကျပြောပြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက သုဝဏ္ဏသာမလို လိမ္မာတဲ့ လူတစ်ယောက်ရှိတယ်။ သူက တေမိဇာတ်ထဲကလို စကားမပြောတဲ့လူမဟုတ်ပေမယ့် စကားနည်းတဲ့ လူတစ်ယောက်ဖြစ်တယ်။

ဒါကြောင့် လူတွေက သူ့ကို သုဝဏ္ဏသာမနဲ့ တေမိမင်းသားကိုပေါင်းပြီး 'သုတေ' လို့ ခေါ်ကြတယ်။

တစ်နေ့မှာပေါ့ ...

သူက ကောင်မလေးတစ်ယောက်ကို ကြိုက်တယ်။

အဲဒါနဲ့ ရည်းစားစကားလိုက်ပြောတာပေါ့။

သူက စပြောတယ်။

"အချစ်ရယ် ..." တဲ့။

ကောင်မလေးက သူ့ကို ပြန်ပြောတယ်။

"အပြစ်မြင်တယ် ..." တဲ့။

သူတင်းသွားတာပေါ့။ ဒါနဲ့ သူက ပြန်ရှင်းတယ်။





"အပြစ်မမြင်ဘူး"

ဆိုတော့ ...

ကောင်မလေးက ...

"အချစ်မစစ်ဘူး"

လို့ ပြန်ပြောတယ်။

"စစ်မှစစ်"

ဆိုတော့...

"ဒီက...ချစ်မှမချစ်ဘဲနဲ့"...တဲ့။

"သိပ်ချစ်တယ်"

ပြောတော့...။

"စိတ်ညစ်တယ်ကွယ်...ပြောရတာ 'သန'တယ်"

လို့ ပြန်ပြောတယ်။

ကောင်လေးက ဘာမှပြန်မပြောနိုင်တော့ပါဘူး။

အဲဒီလိုနဲ့ သူ့ကိုလူတွေက နှစ်မျိုးပေါင်းပြီး

"သုတေသန" လို့ခေါ်ကြတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



[၇]

မောင်လွယ်က သူ့ပုံပြင်ကို အဆုံးသတ်လိုက်သည်။ သူထင်သည့်အတိုင်းပင် အားလုံးက သူ့ကိုနားမလည်သည့်မျက်နှာများဖြင့် ကြည့်နေကြသည်။

သူ့ပုံပြင်ထဲကျွင် တစ်ခုခုပါလိမ့်မည်ဟုလည်း တွေးတဲ့သူက တွေးနေပေလိမ့်မည်။

သို့သော် ပုံပြင်က ဘာအဓိပ္ပာယ်လည်းဟုတော့ ပြန်မမေးကြချေ။

ပုံစံတွေက သူတို့ စဉ်းစားမယ်ပေါ့။

မောင်လွယ်က အားလုံးကိုကြည့်လိုက်ပြီး မတ်တပ်ရပ်လိုက်သည်။ ပရော်ဖက်ဆာနှင့် ဆရာကျော်လည်း ထရပ်သည်။

“အားလုံးပဲ သွားလိုက်ပါဦးမယ်”





မောင်လွယ်က နှုတ်ဆက်သည်။

အတွေးပျက်သွားမှာ စိုးလို့နှင့်တူသည်။

အားလုံးက ခေါင်းညိတ်ပြီး ပြန်နှုတ်ဆက်ကြ၏။

မောင်လွယ်တို့လည်း ဆိုင်ထဲမှ ထွက်လာခဲ့လိုက်သည်။

တကယ်တော့ မောင်လွယ်မှာ ပါးစပ်ထဲတွေ့ရာအကြောင်းအရာပာစ်ခုကို သူတို့အားပြောခဲ့ခြင်းဖြစ်သည်။

ကိစ္စသေးသေးလေးတစ်ခုကို ကြီးကြီးမားမားပြောတတ်၊ လုပ်တတ်သူများအတွက်တော့ သူ့ပုံပြင်က စဉ်းစားစရာကောင်းပါသည်။

စဉ်းစားကြပေါ့ ...။

အဖြေရတဲ့ တစ်နေ့မှာ ဘာမှမဟုတ်မှန်း သိသွားကြလိမ့်မည်။ ထို့နောက် သူတို့ ရှေ့ခရီးဆက်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



[၁]

''မောင်လွှယ်…သူကြီးအိမ် ဘယ်လိုသွားရမလဲ''

ထန်းရည်ဆိုင်က ထွက်ထွက်ချင်းပင် ပရော်ဖက်ဆာက မောင်လွှယ်ကို မေးသည်။

မသိရင် မောင်လွှယ်က 'ချစ်သူရွာသား' လိုလို ဘာလိုလို။

မောင်လွှယ်ကလည်း မသိချင်ယောင်ဆောင်ကာ -

''သူတို့ပြောတဲ့ ပုံစံအတိုင်းဆိုရင် ဒီရွာလမ်းမကြီးအတိုင်း တည့်တည့်သွားရမယ်ထင်တယ်''

''အေး …ဖြစ်နိုင်တယ်''

ဆရာကျော်ကလည်း ဝင်ထောက်ခံသည်။

ဤသို့ဖြင့် သူတို့သုံးယောက်သည် ရွာလမ်းမကြီးအတိုင်း တည့်တည့်လျှောက်လာခဲ့ကြ၏။





ဆိတ်ငြိမ်အေးချမ်းမှု၊ ထူးဆန်းတဲ့လေပြေရနံ့နှင့် အိမ်တိုင်းအိမ်တိုင်း၏ထူးခြားမှုတို့က သူတို့ကို ဆွဲဆောင်လျက်ရှိသည်။

ထိုသို့လျှောက်ရင်းနဲ့ ရွာလယ်လမ်းဘေးရှိ ကွင်းပြင်ကြီးတစ်ခုနားသို့ရောက်သောအခါတွင် လူများစုဝေးနေသည်ကို တွေ့ရ၏။

''ဘာဖြစ်နေတာလဲ မသိဘူး''

ဆရာကျော်က လူအုပ်ကြီးကိုကြည့်ကာ စိတ်ဝင်တစား ပြော၏။

''သွားကြည့်ရအောင် ဆရာကြီး''

မောင်လွှယ်ကလည်း ပရော်ဖက်ဆာကို ထပ်ပြောသည်။

ပရော်ဖက်ဆာကလည်း နဂိုကတည်းက သိချင်နေသောကြောင့် သွားကြည့်ရန် သဘောတူလိုက်သည်။

လူများ ဝိုင်းအုံနေကြသောအလယ်တွင် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦးတို့ရပ်နေကြ၏။

မောင်လွှယ်က ဝိုင်းအုံကြည့်နေသော လူများထဲမှ အမျိုးသားတစ်ယောက်အား လက်တို့ကာ -

''ဘာဖြစ်နေတာလဲ''

ဟု မေးလိုက်၏။

ထိုသူက မောင်လွှယ်ကို သေချာကြည့်ပြီး -

''ရည်းစားကို အဖြေပေးနေတာလေ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြန်ဖြေသည်။

မောင်လွယ်မှာ မျက်မှောင်ကြုတ်သွားပြီး ပရော်ဖက်ဆာနှင့် ဆရာကျော်မှာလည်း ဘူ့နည်းတူဖြစ်သွားသည်။

ထိုစဉ် ဝိုင်းအုံကြည့်နေသော လူများအလည်ရှိ အမျိုးသား နှစ်ဦးထဲမှ တစ်ဦးက -

"ကဲ ...အပျိုကြီး မတင်မေ၊ ဒီနေ့မှာ လူပျိုကြီး ကိုတင်ညွှန့် ကို အဖြေပေးဖို့ ချိန်းထားတယ်မှတ်လား"

"ဟုတ်ပါတယ်"

မတင်မေဆိုသော အမျိုးသမီးက ပြန်ဖြေခြင်းဖြစ်သည်။

မောင်လွယ်တို့ကလည်း ထူးထူးဆန်းဆန်းနှင့် ဆက်ကြည့် နေလိုက်၏။ ကိုယ့်ကိုရည်းစားစကားပြောထားသောလူကို လူလည် ခေါင်တွင် အဖြေပေးနေခြင်းမှာ သူတို့အတွက်တော့ ထူးဆန်းသော မြင်ကွင်း ဖြစ်နေသည်။

"အဲဒါဆို ကိုတင်ညွှန့်လည်း ရင်ခုန်နေလောက်ရောပေါ့။ အဖြေပေးလိုက်ပါလား မတင်မေ"

"ဟုတ်ကဲ့"

ရွာဆော်ဖြစ်ပုံရသော သူက ထိုသို့ပြောပြီး နောက်ဆုတ် လိုက်သည်။

ကိုတင်ညွှန့်ဆိုသော လူကြီးမှာ ရှက်ရှုံလား ဘာလားမသိ။





ခေါင်းကိုငုံ့ထား၏။

မတင်မေက ကိုတင်ညွှန့်အနားတိုးကပ်သွား၏။

မသိလျှင် ဗွီဒီယိုရိုက်နေသည်ဟု ထင်ရသည်။

ပရော်ဖက်ဆာ၊ ဆရာကျော်နှင့် မောင်လွယ်တို့မှာလည်း တစ်ခါမှ မမြင်ဖူးသောမြင်ကွင်း၊ ပုံစံ၊ အဖြေပေးပုံတို့ကြောင့် စိတ်ထဲ တွင် ထူးဆန်းနေသည်။

"ကိုတင်ညွှန့်"

မတင်မေက ခေါ်လိုက်သည်။

"ဗျာ"

ကိုတင်ညွှန့်ကလည်း ပြန်ထူးသည်။

မတင်မေကလည်း သက်ပြင်းချ၏။ ကိုတင်ညွှန့် ရင်ခုန်နေပုံ ရသည်။

ကြည့်နေသော ပရိသတ်လည်း ကိုတင်ညွှန့်နဲ့အတူလိုက်ပြီး ရင်ခုန်နေသည်။

မတင်မေ ဘာပြောမလဲပေါ့ ...။

မတင်မေက ကိုတင်ညွှန့်ကို စိတ်မကောင်းသည့် မျက်နှာ လေးဖြင့်ကြည့်ကာ -

"ကိုတင်ညွှန့်...ကျွန်မ ရှင့်ကို ချစ်လို့မရဘူးဖြစ်နေတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မတင်မေ၏အပြောကြောင့် အားလုံး၏မျက်နှာတွင် စိတ်မကောင်းသည့် အမူအရာများ ပေါ်လွင်သွားကြသည်။

"ဘာ…ဘာဖြစ်လို့လဲ မတင်မေ"

ကိုတင်ညွန့်က ပြန်မေးသည်။

မတင်မေက…

"ဒီမှာ ကိုတင်ညွန့်"

"ဟုတ်…ဟုတ်ကဲ့"

"ပထမဦးဆုံးအနေနဲ့ ပြောရရင်…ကျွန်မနာမည်ကို ကျွန်မက အရမ်းမုန်းတာရှင့်"

"ဟုတ်…ပြောပါ မတင်မေ"

"ဒီတော့…ကျွန်မနာမည်တစ်လုံးပါတဲ့ ရှင့်ကို ကျွန်မ အစကတည်းက မုန်းရောရှင့်"

"ရက်စက်လိုက်တာ မတင်မေ"

ကိုတင်ညွန့်မှာ ငိုတော့မလိုလိုဖြစ်နေသည်။

မောင်လွယ်မှာ ကြည့်ရင်းကြည့်ရင်း ရယ်ချင်နေသည်။ ရည်းစားကိုအပြေပေးတာတောင်မှ လူရှေ့သူရှေ့မှာပေးရတဲ့ 'ရွာ' ပါလားဟု အံ့လည်း အံ့သြမိ၏။

ဘယ်သူစလုပ်သွားတာလဲဟု သိလည်းသိချင်လာသည်။

အခုတော့ မစဉ်းစားချင်သေး။





ထို့ကြောင့် ကိုတင်ညွန့်၊ မတင်မေ ဇာတ်လမ်းကိုပဲ ဆက်ကြည့်နေလိုက်သည်။

"ဒုတိယအချက်အနေနဲ့ ရှင်က မူးမူးလာရင် တစ်ရွာလုံးကို ကျွန်မအကြောင်း မဟုတ်တာတွေ အော်ပြောတယ်"

"ငါက…"

"ဟုတ်တယ်၊ ရှင်က… ဟိုတစ်နေ့ကတောင် မူးလာပြီး အော်ပြောသေးတယ်။ ဘာတဲ့…တင်မေအရူးဟာ ဗူးသီးခိုး…တဲ့"

"ဟင်…ငါက အဲဒီလိုပြောတယ်"

"ဟုတ်တယ်"

မတင်မေက ဟန်ပါလာ၏။ ခါးကြီးထောက်ကာ မျက်နှာကိုလည်း မော့ထား၏။

"မဖြစ်နိုင်ဘူးထင်တယ်…မတင်မေ၊ မဖြစ်နိုင်ဘူး။ ငါ အဲဒီလိုမပြောဘူး"

"ကျွန်မတင် မဟုတ်ဘူး။ တစ်ရွာလုံးပါ ကြားရတယ်"

ကိုတင်ညွန့်မှာ ခေါင်းကုတ်ချေပြီ။

သူလည်း မူးတုန်းက ဘာပြောလို့ ပြောလိုက်မှန်းမှတ်မိပုံမရ …။ မတင်မေကလည်း ကိုတင်ညွန့် မူးပြီး သူ့အကြောင်းတွေ မဟုတ်ကဟုတ်က ပြောကြောင်းကိုပဲ တောက်လျှောက်ပြောလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုတင်ညွန့်မှာ ခံနေရသည်။

ထိုစဉ်...

''ကိုတင်ညွန့်က အဲဒီလိုပြောတာ မဖြစ်နိုင်ဘူးဗျ''

ဟု ဝိုင်းကြည့်နေသော ပရိသတ်ထဲမှ အသံတစ်သံထွက်လာ၏။

ကိုတင်ညွန့်အပါအဝင် အားလုံးက ထိုသူကိုကြည့်လိုက်ကြ၏။

''မင်းက ဘယ်သူလဲ''

ရွာဆော်ကြီးက လှမ်းမေးသည်။

''ကျွန်တော့်နာမည် မောင်လွယ်လို့ ခေါ်ပါတယ်။ ဒါက ကျွန်တော့် ဆရာကြီးပရော်ဖက်ဆာဦးကာလာဖေပါ။ ဒါက ကျွန်တော့် ဆရာပါ...ဆရာကျော်တဲ့။ ကျွန်တော်တို့က ဒီရွာကသူကြီးရဲ့ မိတ်ဆွေတွေပါ။ ဒီရွာကို လာလည်တာပါ''

မောင်လွယ်က အားလုံးကို ရှင်းပြလိုက်သည်။

''ဒါနဲ့ ခုနက ဘာပြောလိုက်တာ''

ရွာဆော်ကြီးက မောင်လွယ်ကိုမေးလိုက်သည်။

မောင်လွယ်က...

''ဩော်...မတင်မေက ကိုတင်ညွန့်ကို စွပ်စွဲထားတဲ့ စွပ်စွဲချက်က မမှန်နိုင်ဘူးလို့ ပြောတာပါ''





''ဘာဖြစ်လို့လဲ''

''ဒါနဲ့...ကိုတင်ညွန့်ကို မေးရဦးမယ်။ ကိုတင်ညွန့်...''

ဟု ဆိုကာ မောင်လွယ်က ကိုတင်ညွန့်ကိုခေါ်လိုက်သည်။

''ဟုတ်ကဲ့''

''ကိုတင်ညွန့်...အင်္ဂလိပ်စာတွေ ဘာတွေလေ့လာလား''

''အင်း...မြို့က အမျိုးတစ်ယောက်လာတုန်းက အင်းဂလိစ်စပီကင်စာအုပ်တစ်အုပ်ကျန်ခဲ့တာနဲ့ ဖတ်တော့ ဖတ်ဖြစ်တယ်''

''အင်း...ဖြစ်နိုင်ပါတယ်''

အားလုံးက မောင်လွယ်ကို စိတ်ဝင်တစားကြည့်နေကြသည်။

မောင်လွယ် ဘာပြောမလဲပေါ့။

မောင်လွယ်ကလည်း မတင်မေကိုကြည့်ကာ-

''အစ်မ မတင်မေ''

''ရှင်''

''အစ်မကို ကိုတင်ညွန့်က အဲဒီလိုပြောတာမဖြစ်နိုင်ပါဘူး''

''ဘာ...ဘာဖြစ်လို့လဲ''

''သူက မူးပြီး အင်္ဂလိပ်လို မပီကလာပီကလာပြောတာ ဖြစ်ပါလိမ့်မယ်''

''ဘာပြောတာလဲ''

''အစ်မက အရုမ်းလှတာပဲလို့ ပြောတာပါ''



www.burmeseclassic.com

www.burmeseclassic.com



''အို''

မတင်မေရှက်သွား၏။ မောင်လွယ်က ဆက်ပြော၏။

''ကိုတင်ညွန့်က အင်္ဂလိပ်လို **တင်မေ ယူအာ ဗျူးတီးဖူး** လို့ ပြောတာပါ။ အဲဒါကိုတင်ညွန့်က အင်္ဂလိပ်လို မပီပြင်တော့ **တင်မေ အရှူးဟာ ဗူးသီးနိုး သို့မဟုတ် တင်မေ ယူအာ ဗူးသီးရူး** ဆိုပြီးဖြစ်သွားတာပါ။ အဲဒါကို မတင်မေက နားကြားလွဲသွားတာပါ''

''ဟင်''

ကိုတင်ညွန့် အပါအဝင် ရွာသူရွာသားအားလုံးက မောင်လွယ်ကို ငေးပြီးကြည့်နေကြသည်။

ပရော်ဖက်ဆာနှင့် ဆရာကျော်မှာသာ မောင်လွယ်အကြောင်း သိပြီးသားဖြစ်သောကြောင့် အထွေအထူးအံ့သြခြင်း မဖြစ်မိကြ။

''သူက အဲဒီလိုပြောတာလား''

မတင်မေက မောင်လွယ်ကိုကြည့်ကာ မယုံတစ်ဝက် ယုံတစ်ဝက်မေး၏။

''ဟုတ်ပါတယ် အစ်မ။ ကိုတင်ညွန့်က တင်မေ မင်းက သိပ်လှတာပဲ။ ယူအာဗျူး တီးဖူး(လ်) (You are beautiful) လို့ ပြောတာပါ''

''တကယ်...''

''ဟုတ်ပါတယ်''





''အပေါ်''

မတင်မေ ပျော်သွားပုံရသည်။

ထို့နောက် ကိုတင်ညွန့် ဘက်လှည့်ကာ -

''ကိုတင်ညွန့်...ရှင်ကျွန်မကို အဲလိုမျိုးပြောတာဟုတ်လား''

ဟု မေးလိုက်လေ၏။

ကိုတင်ညွန့်ကလည်း ခေါင်းကို မရဲတရဲမော့ကာ-

''ဟုတ်...ဟုတ်ပါတယ် မတင်မေ''

ဟု ပြန်ဖြေ၏။

''ဒီလိုဆိုလည်းပြီးရော...ရှင် ကျွန်မကိုချစ်ခွင့်ပန်ထားတာ ပြန်စဉ်းစားမယ်''

ဟု ပြောပြီး လူအုပ်ကြီးကို တိုးဝှေ့ကာ ထွက်သွားလေတော့၏။

ကိုတင်ညွန့်က မတင်မေကို တစ်လှည့်၊ မောင်လွယ်ကို တစ်လှည့်ကြည့်ကာ ကျန်ခဲ့သည်။

အားလုံး၏အကြည့်များကလည်း ထိုနည်းလည်းကောင်းပင်။

ထို့နောက် ကိုတင်ညွန့်သည် မောင်လွယ်ဆီသို့လျှောက်သွားကာ -

''ကျေးဇူးတင်လိုက်တာ ညီလေးရာ၊ ကိုယ်...သူ့ကိုအရမ်းချစ်တာ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး လက်ဆွဲနှုတ်ဆက်လိုက်လေ၏။

မောင်လွယ်ကလည်း -

''ရပါတယ်…ကျွန်တော်က ထန်းရည်ဆိုင်မှာ ကိုတင်ညွှန့်နာမည်နဲ့အတူ အင်္ဂလိပ်စာဝါသနာပါတာကိုပါ သိထားတယ်လေ။ အဲဒါနဲ့ ဆက်စပ်တွေးမိပြီး ကူညီလို့ရသွားတာပါ''

ဟု ပြန်ပြောလိုက်လေသည်။

■





[၉]

ဤသို့ဖြင့် သူတို့သုံးယောက်သည် ရွာလယ်လမ်းအတိုင်း ဆက်လျှောက်လာ၏။

ခဏကြာသောအခါတွင် လမ်းဆုံလမ်းခွတစ်ခုသို့ ရောက်လာ၏။ ဟိုဘက်နှင့် ဒီဘက် ဘယ်ကွေ့ရမလဲ၊ ညာကွေ့ရမလဲဟု ဇဝေဇဝါဖြစ်သွားကြသည်။

''ဆရာကြီး…ဟို လူပြောတဲ့အတိုင်းဆိုရင် ကျွန်တော်တို့ ဒီဟာဖြစ်နေပြီ''

''အေး…ဟုတ်တယ်''

''သူ ဆက်ပြောတဲ့အတိုင်း 'ဘယ်ဘယ်ညာညာ' ကြည့်ရတော့မှာပေါ့''

ဟု မောင်လွယ်က ပြောလည်းပြော၊ လမ်းနှစ်လမ်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘယ်,ညာညာ ကြည့်လိုက်သည်။

"သူက ဘယ်လမ်းစဉ်လိုက်မလဲလို့ ပြောထားတော့၊ ဘယ်ကိုပဲ ချိုးရမယ်"

ထို့နောက် သူတို့သုံးယောက်သည် 'ဘယ်ဘက်လမ်း' ကို ချိုးဝင်လိုက်သည်။

လမ်း၏အမည်က 'တိမ်ဦးလေပြေ' လမ်းဖြစ်သည်။

'လှသားပဲ' ဟု ပျော်ဖက်ဆာအပါအဝင် သုံးယောက်စလုံး တွေးမိလိုက်သည်။

"သူက ဆက်ပြောသေးတယ်။ 'အခြောက်အိမ်က မျောက်ကိုတွေ့ရင် သူကြီးအိမ်ကို တွေ့ပြီ' ဆိုတော့…အင်း…သူက နောက်လိုက်တာဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

ဆရာကျော်က ဝင်မေးသည်။

"ဆရာကလည်း လမ်းညွှန်တဲ့အခါမှာ နှစ်အိမ်မြောက်၊ သုံးအိမ်မြောက်က အိမ်လို့ ပြောတယ်မဟုတ်လား"

"အင်းလေ"

"အခု သူက 'ခြောက်အိမ်မြောက်' လို့ ပြောလိုက်တာဖြစ်မယ်"

"ဪ…'အခြောက်အိမ်က မျောက်၊ ခြောက်အိမ်မြောက်"





ဟု တိုးတိုးလေး ရေရွတ်ရင်း …

"မင်းကတော့ မင်းဟာနဲ့မင်းဟုတ်နေတာပဲ မောင်လွယ်"

ဟု ဆရာကျော်က ချီးကျူးလိုက်လေသည်။

ထို့နောက် ဆက်လျှောက်ကြလေ၏။

ခဏကြာသောအခါတွင် -

"ဟိုမှာ ခြောက်အိမ်မြောက်အိမ်"

မောင်လွယ်က အိမ်ကြီးတစ်အိမ်အား ညွှန်ပြ၏။

ကျယ်ဝန်းသော ခြံကြီးနှင့်အတူ ကြီးမားသော အိမ်ကြီးအား တွေ့လိုက်ရ၏။

သစ်ပင်များနှင့် အုံ့ဆိုင်းနေသောကြောင့် နေချင်စဖွယ်ကောင်းလှသည်။

"သေချာလို့လား မောင်လွယ်"

"သေချာပါတယ် ဆရာကြီးရဲ့…ကျွန်တော် လှမ်းခေါ်ကြည့်လိုက်ပါမယ်"

မောင်လွယ်က ပြောပြောဆိုဆို အိမ်ထဲသို့လှမ်းခေါ်လိုက်သည်။

"သူကြီး…သူကြီး"

အထဲမှ ပြန်ထူး၏။

"ဘယ်သူလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



ပဒေ့ါ်ဖက်ဆာက သူ့သူငယ်ချင်းအသံမှတ်မိသွားပြီး -

''ငါ ကာလဖေပါကွ''

ဟု ပြောလိုက်လေ၏။

■





[၁၀]

''အေးပေါ့လေ …မင်းတို့က ဒီရွာကို တစ်ခါမှ မရောက်ဖူးတော့ အထူးအဆန်းလေးတွေ ဖြစ်နေတာပေါ့။ ဒါပေမဲ့ မင်းတို့တွေ့ခဲ့တာတွေက သိပ်တော့လည်း မထူးဆန်းပါဘူး။ ငါတို့က သဘာဝကို လွတ်လပ်စွာပြုမူတဲ့ သဘောပါပဲ''

ခရီးပန်းလာသောကြောင့် ထမင်းစားသောက်ကာ အနားယူ အိပ်စက်ပြီးသော နေ့ခင်းအချိန်အခါတွင် သူကြီးက စတင်ပြောလိုက်ခြင်းဖြစ်သည်။

စကားဝိုင်းတွင် ပဒေ့ါ်ဖက်ဆာ၊ သူကြီး၊ ဆရာကျော်၊ မောင်လွယ်နှင့် သူကြီးတပည့်တစ်ယောက်တို့ ထိုင်နေကြသည်။

''အဲဒီအပြုမူတွေကို ဘယ်သူ စလုပ်ခဲ့တာလဲ''

ပဒေ့ါ်ဖက်ဆာက သူကြီးကိုမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ၊ ရှေးဘိုးဘေးဘီဘင်တွေ လုပ်ခဲ့တာပါပဲ"

"မှတ်တမ်းမရှိဘူးပေါ့"

"ငါတို့လူမျိုးတွေက မှတ်တမ်းမှတ်ရာ အားနည်းတယ်ကွ"

"အင်း…ဒါလည်း ဟုတ်တာပါပဲ"

ဆရာကျော်က ဝင်ပြောလိုက်ခြင်းဖြစ်သည်။

မောင်လွယ်ကတော့ ဘာမှဝင်မပြောဘဲ လူကြီးတွေစကားကိုသာ နားထောင်နေလိုက်သည်။

ပရော်ဖက်ဆာက သူကြီးအား -

"အေဖုန်း".

"ပြောလေ"

"မင်းတို့ရွာမှာ အချစ်နဲ့ပတ်သက်ပြီး ဘယ်လိုဓလေ့တွေရှိသေးလဲ"

"ဟင်း…ပြောပြရမှာတော့ ခပ်လန့်လန့်ပဲ"

"ဘာဖြစ်လို့လဲ"

"ဒီလိုကွ"

"ငါတို့ရွာမှာရှိတဲ့ အချစ်ဓလေ့တွေက ရှုးကြောင်ကြောင်နိုင်တယ်လို့ ထင်ရတယ်။ ပြီးတော့ ကိုယ့်ရွာသားမဟုတ်တဲ့ အခြားသူကို ပြောရင် ဟာ…အဓိပ္ပာယ်မရှိပါဘူး၊ မဟုတ်တာတွေ၊ အပိုတွေပါလို့ သူတို့က ထင်ကြတယ်"





"ဩော်"

သူတို့မှာ သူကြီးစကားကို မလွှတ်တမ်းနားထောင်နေကြသည်။

"ဒါပေမဲ့ ငါတို့ရွာကလူတွေကတော့ အဲဒီလိုမထင်ကြဘူး"

"ပြောပါဦး…ဘယ်လိုထင်ကြတာလဲ"

"ငါတို့က အချစ်ကို လွှတ်လပ်စွာပြောဆို ပြုမူနိုင်တဲ့အရာလို့ ထင်ကြတယ်။ ဥပမာကွာ…ကလေးတစ်ယောက်အရွယ်ရောက်လို့ရှိရင် ချစ်တတ်လာတယ်။ ဒါပေမဲ့ အိမ်ကသိမှာစိုးလို့ဆိုပြီး ပုန်းလျှိုးကွယ်လျှိုးလုပ်နေစရာမလိုဘူး။ ပွင့်ပွင့်လင်းလင်းပဲ တစ်ရွာလုံး သိအောင် ပြောဆိုပြုမူလို့ရတယ်"

တစ်ခါမှမကြားဖူးသော ဓလေ့တွေဖြစ်သောကြောင့် မောင်လွယ်မှာ စိတ်ဝင်စားပြီး သူကြီးစကားကို သေချာနားထောင်နေသည်။

"ပြီးတော့…ငါတို့ရွာကလူတွေအားလုံးက ထူးဆန်းတာတွေကြိုက်တယ်။ သူများမလုပ်သေးတာကိုလုပ်တဲ့ လူစားမျိုးကို သဘောကျတယ်။ အလုပ်ကတော့ လယ်ယာ၊ စိုက်ပျိုးရေး၊ ရောင်းဝယ်ရေး လုပ်ကြပေမယ့်၊ ဉာဏ်တော့ကောင်းကြတယ်ကွ။ ပြီးတော့ စီးပွားရေးကလည်း အဆင်ပြေကြတော့ အချစ်ကိစ္စကို တစ်သီးပုဂ္ဂလအနေနဲ့ ထူးထူးဆန်းဆန်းလုပ်နိုင်ကြတာပေါ့"

ဆရာကျော်က စာအုပ်ကြီးတစ်အုပ်နှင့် လိုက်မှတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်လွှယ်ကတော့ ဘာမှမမှတ်ဘဲ စိတ်ဖြင့်သာနားထောင်နေသည်။ ပရော်ဖက်ဆာကတော့ တစ်ချက်တစ်ချက်သာ Note လိုက်မှတ်၏။

''ပြီးတော့ ငါတို့ရွာမှာက သူများရွာတွေနဲ့ မတူတဲ့အချက်လေးတွေ ရှိတယ်။ သဘာဝမကျဘူး ကျတယ်ဆိုတာ ဘေးဖယ်ပြီး ကြည့်မယ်ဆိုရင် စိတ်ဝင်စားစရာကောင်းတဲ့ ပုံစံတွေဆိုတာ မင်းတို့ တွေ့ရလိမ့်မယ်''

''ဘာတွေများလဲ''

''အကြောင်းအရာအချို့လေးတော့ ပြောပြမယ်။ နောက်တော့ မင်းတို့လည်း ရွာကလူတွေနဲ့ ခင်သွားရင် ပိုသိသွားမှာပါ။ ဒီရွာမှာ ခပ်ကြာကြာနေဦးမယ် မဟုတ်လား။ မနေလည်း နေလို့တိုက်တွန်းချင်တယ်ကွာ''

''အေးပါ…နေမှာပါ''

''ဒါဆို ငါနည်းနည်းပြောပြမယ်''

ဟု ဆိုကာ သူကြီးက သူ့ရွာရှိအကြောင်းအရာအချို့အား စတင်ပြောပြ၏။

■



## အကြောင်းအရာ (၁)

ရွာရှိ အိမ်တစ်အိမ်တွင် သမီးပျိုတစ်ဦး အရွယ်ရောက်ပြီဆိုပါစို့…။ သူမ၏ အဖေ (သို့) အမေသည်လည်း ထူးထူးဆန်းဆန်းများကို စိတ်ဝင်စားပါက သူသည် သူ၏သမီးကိုကြိုက်သောသူများအား ပုံစံအမျိုးမျိုးဖြင့် တောင်းဆိုကြေညာနိုင်သည်။

သူ၏သမီးလည်း လက်ခံသဘောကျနိုင်သော ပုံစံဖြစ်ရမည်။

ဥပမာအားဖြင့် သူ့သမီးကို ကြိုက်သည့်သူသည် သတ်မှတ်ထားသည့်အချက်များ (ဖော်ပြထားသည့်အချက်များ)နှင့် ပြည့်စုံရမည်ဟု သူ၏အိမ်ရှေ့တွင် ဆိုင်းဘုတ်တင်နိုင်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အကြောင်းအရာ (၂)

ရွာတွင် ကောင်မလေးတစ်ယောက်အား ရည်းစားစကား ပြောပါက လူအားလုံးရှိသည့်အချိန်တွင် တရားဝင် ရည်းစားစကား ပြောလေ့ရှိသည်။

ထိုသို့ပြောစဉ် လူအားလုံးရှေ့တွင် ကောင်လေးက ကောင်မလေး အား ဖွင့်ပြောမှုအစီအစဉ် စိတ်ဝင်စားမှုရှိခြင်း၊ မရှိခြင်းသည် ကောင်မလေး၏ ချစ်ခြင်း၊ မချစ်ခြင်းအပေါ် အနည်းငယ်မူတည်နေ သည်။

ကောင်မလေးဘက်မှ စဉ်းစားဦးမယ်။ အဖြေပေးမည့်ရက် အား နောက်မှထပ်ပြောမည်ဟု ပြောခဲ့ပါက ၄င်းသည် ကောင်မလေး အား ထိုရက်အတောအတွင်းတွင် ခင်မင်းရင်းနှီးစွာ ပြောဆိုဆက်ဆံခွင့်ရှိ သည်။ 'မျှော်လင့်ချက်'ဖြင့် ဖြစ်သည်။





ကောင်မလေးက ဒီနေ့ဒီရက်တွင် အဖြေပေးမည်ဟု ဆိုပါက လူအများရှေ့တွင် ကောင်လေးက ရည်းစားစကားပြောခဲ့သည့်အတိုင်း ကောင်မလေးကလည်း လူအများရှေ့တွင် အဖြေပြန်ပေးလေ့ရှိသည်။ တစ်ရွာလုံး သိအောင်ဖြစ်သည်။

ကောင်မလေးက 'ဟုတ်ကဲ့...ရှင့်ကို ကျွန်မချစ်ပါတယ်' ဟု ဆိုပါက ၄င်းသည် ကောင်မလေး၏တရားဝင်ရည်းစားဖြစ်သွား ပြီဖြစ်သည်။

သို့သော်...ကောင်မလေးက 'ဟင့်အင်း ...ရှင့်ကို ကျွန်မ မချစ်ဘူး'ဟု ဆိုပါက ကောင်မလေးဘက်မှ တုံ့ပြန်သည့် အခြေအနေ နှစ်ရပ်ရှိပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အကြောင်းအရာ (၃)

၁။ ``ဟင့်အင်း…ရှင့်ကို ကျွန်မ မချစ်ဘူး'' ဟု ပြောပြီး ကျန်တာဘာမှ မပြောပါက ၄င်းသည် ကောင်မလေး၏အချစ်ကိုထပ်ရဖို့အတွက် မျှော်လင့်ချက်ကင်းမဲ့ပြီဖြစ်သည်။

၂။ ``ဟင့်အင်း…ရှင့်ကို ကျွန်မ မချစ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့…''စသည်ဖြင့် အကြောင်းပြချက်များပါလာပါက စိတ်ခုစရာတစ်ခုခုရှိသောကြောင့် ပြန်မချစ်နိုင်ခြင်းဖြစ်မည်။

ထိုအခါ သင်သည် နောက်တစ်ကြိမ်တွင် ကောင်မလေး၏အချစ်ကို ထပ်မံကြိုးစားနိုင်သည်။

ထိုအတောအတွင်း `ကိုယ်ပြင်ပါ့မယ်၊ ကြိုးစားပါ့မယ်' ပုံစံမျိုးဖြင့်နေမှဖြစ်မည်။





ထိုကြားထဲ ကောင်မလေးသည် ကောင်လေးတစ်ယောက်အား ထပ်မံရွေးချယ်ခဲ့မည်ဆိုပါက ၄င်း၏ကံကြမ္မာပင် ပြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com

## အကြောင်းအရာ (၄)

ကိစ္စအမျိုးမျိုးကြောင့် ချစ်သူများပြတ်စဲခြင်း ကိစ္စရှိနိုင်ပါသည်။

ထိုအခါမျိုးတွင် -

၁။ နှစ်ဦးနှစ်ဘက် ဆွေးနွေးရန်၊

၂။ အားနာခြင်းမရှိဘဲ ဘာကြောင့် ငါက နင့်ကို မချစ်နိုင်တော့ကြောင်းပြောရန်၊

၃။ ထိုအခါ ညှိနှိုင်းလို့ရပါက ညှိနှိုင်းရန်၊

၄။ ထပ်ပြောပါမည်။ ပွင့်လင်းစွာ ပြောဆိုညှိနှိုင်းပါရန်၊

ဆိုပြီး ချစ်သူရွာ၌အကြံပြုချက်များ ပြုလုပ်ထားသည်။ ပြန်လည်ပြေလည်သွားသူများရှိသလို မပြေလည်ပါကလည်း တစ်ဦးနှင့်တစ်ဦး ကြည်ဖြူစွာ လမ်းခွဲကြပါသည်။

သို့သော် ထိုသို့ ပြတ်စဲခြင်းသည် ချစ်သူရွာတွင် ရှားပါးလှသော ကိစ္စတစ်ခုဖြစ်ပါသည်။

■





[၁၁]

"ထပ်ပြောရင်တော့ အများကြီးပဲ။ မင်းတို့လည်း ဒီမှာနေဦးမှာဆိုတော့ ငါတို့ဝေလေ့တွေကို အကုန်သိသွားမှာပါ"

သူကြီးက သူ့စကားကို အဆုံးသတ်လိုက်သည်။

မောင်လှယ်မှာ မကြားဖူးသောကိစ္စများဖြစ်သောကြောင့် ရယ်လည်းရယ်ချင်နေသည်။ စိတ်လည်း စိတ်ဝင်စားသည်။

ဆရာကျော်ကတော့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး တွေးမိတွေးရာ တွေးနေပုံရသည်။

သူကြီးနှင့် ပဂျော်ဖက်ဆာကတော့ ငယ်ငယ်ကအကြောင်းတွေနှင့် လေပေးဖြောင့်နေ၏။

သူကြီးနှင့် ပဂျော်ဖက်ဆာမှာ ကျောင်းတုန်းက သိသောအသိများဖြစ်ပြီး ကျောင်းပြီးသွားသောအခါတွင် သူကြီးက သူ့ရွာသူ

www.burmeseclassic.com



ပြန်သွားခြင်းဖြစ်သည်။

အဆက်အသွယ်တော့မပြတ်ကြ။

တစ်နေ့တွင် သူကြီးက သူ့သူငယ်ချင်းကို ရွာသို့ လာလည်ရန် ဖိတ်ခေါ်၏။

ထို့ကြောင့် ချစ်သူရွာသို့ အလည်အပတ်ရောက်လာခဲ့ခြင်းဖြစ်သည်။

''ဆရာကျော်''

''ဟေ''

မောင်လွယ်က ဆရာကျော်အား တိုးတိုးလေးခေါ်လိုက်သည်။

ဆရာကျော်နှင့် သူမှာ ဆရာတပည့်ပင်ဖြစ်သော်လည်း သူငယ်ချင်းပေါင်း,ပေါင်းကြခြင်းဖြစ်သည်။

''ရွာထဲလျှောက်ကြည့်ရအောင်၊ ဆရာကြီးကတော့···· လေကောင်းနေတယ်''

''အေး···ကောင်းသားပဲ''

ဆရာကျော်ကလည်း မောင်လွယ်ပြောတာကို သဘောတူလိုက်သည်။

ထို့ကြောင့် မောင်လွယ်က ဆရာကြီးအား -

''ဆရာကြီး''

''ဟေ''





''ကျွန်တော်တို့ ရွာထဲခဏလျှောက်ကြည့်ချင်လို့''

''အေး···အေး၊ လျှောက်ကြည့်လေ။ သေချာလည်း သွားဦးနော်''

ထိုအခါ သူကြီးက -

''သားတို့လျှောက်ကြည့်ရင် ဦးတပည့်ထည့်ပေးလိုက်မယ်လေ''

ဟုဆိုကာ သူ့အနားမှာရှိနေသော သူ့တပည့်အား -

''မင်းသူတို့နဲ့လိုက်သွားပြီး သေချာလိုက်ပြလိုက်''

ဟု ပြောလိုက်၏။

သူကြီး၏တပည့်မှာ အရုပ်ကဂင်တိုတိုနှင့် ရယ်စရာကောင်းလှသော်လည်း ခင်မင်စရာကောင်းပုံရသည်။

ထို့နောက် မောင်လွယ်၊ ဆရာကျော်နှင့် သူကြီး၏တပည့်တို့သည် ရွာထဲသို့ထွက်ခဲ့ကြ၏။

■



www.burmeseclassic.com

www.burmeseclassic.com



## [၁၂]

သွားရင်းလာရင်းနှင့်ပင် -

''မင်းနာမည်ဘယ်လိုခေါ်လဲ''

မောင်လွယ်က သူကြီးတပည့်အား မေးလိုက်သည်။

''ဘိတ်သားလို့ခေါ်ပါတယ်''

''ဩော်...မြိတ် (ဘိတ်)ကနေ ပြောင်းလာလို့လား''

''မဟုတ်ပါဘူး''

''ဒါဆို ဘာဖြစ်လို့ အဲဒီလိုမှည့်ထားတာလဲ''

''အိမ်မှာ ဘိတ်ဆုံး (နောက်ဆုံး)သားမို့လို့ အဲဒီလိုခေါ်တာပါ''

''ဩော်''

သူပြောမှပဲ ရှင်းသွားတော့၏။





သူပဲ ဒိုင်ခံပြောနေသည်။ ဆရာကျော်ကတော့ ပတ်ဝန်းကျင်ကိုငေးပြီးလျှောက်နေ၏။ ဆရာကျော်က စကားနည်း၊ လူရိုးကြီးဖြစ်သည်။ ဒါကြောင့် လူပျိုကြီးဖြစ်တာဖြစ်လိမ့်မည်။

ထိုစဉ် ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရ၏။

''ဆရာကျော်...ဟိုမှာကြည့်ပါဦး၊ နာမည်လေးက ချစ်စရာလေး''

''အေးကွ''

ဆရာကျော်ကလည်း သူညွှန်ပြရာသို့ကြည့်ပြီး သဘောကျနေ၏။

''ဆရာကျော်...ဘာပဲပြောပြော ဝင်ကြည့်ရအောင်''

''အေး''

ထို့နောက် ဘိတ်သားကိုလည်း ဆွဲခေါ်ကာ ဆိုင်ထဲသို့ဝင်လိုက်၏။

ဆိုင်၏နာမည်မှာ -



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပွဲ ဗျို့

ထမင်းဆိုင်

ဟူ၍ဖြစ်သည်။

■





[၁၃]

ထမင်းဆိုင်ဟုဆိုသော်လည်း လက်ဖက်ရည်၊ ကော်ဖီနှင့်မုန့်များလည်းရသောကြောင့် ထမင်းစားသူများအပြင် လက်ဖက်ရည်ဆိုင်သောက်နေသူများကိုလည်း တွေ့ရ၏။ အရင်တုန်းက ထမင်းဟင်းပဲရောင်းသော်လည်း လိုအပ်ချက်အရ လက်ဖက်ရည်ဆိုင်ပါ တိုးချဲ့ရတာဖြစ်နိုင်သည်။ ဆိုင်ထဲသို့ မောင်လွှယ်တို့သုံးယောက်ဝင်လာသောအခါတွင် ဆိုင်ထဲရှိလူများက သူတို့ကို ဝိုင်းကြည့်ကြ၏။

ဘိုဟ်သားကတော့ သူ့အသိများကို လိုက်နှုတ်ဆက်နေ၏။

မောင်လွှယ်နှင့် ဆရာကျော်မှာ ခုံလွတ်တစ်ခုကွင် ဝင်ထိုင်လိုက်သည်။

လက်ဖက်ရည်နှစ်ခွက်မှာပြီးသောအခါမှ ဘိုဟ်သားက ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



''မင်း ဘာသောက်မလဲ''

''ကျွန်တော် မှာခဲ့ပြီးပြီ အစ်ကို''

''သြော်...အေး အေး''

''ဟိုဘက်ဝိုင်းကလူတွေက အစ်ကိုတို့အကြောင်းကိုမေးလို့ ပြောပြနေရသေးတယ်''

''အင်း''

မောင်လွှယ်က လွယ်လွယ်ကူကူပင် 'အင်း'ချလိုက်သည်။

ထိုစဉ် သူတို့နောက်ဖက်ဝိုင်းမှ လူနှစ်ယောက်၏စကားပြောသံကိုကြားလိုက်ရသည်။

ထိုလူနှစ်ယောက် အော်ကျယ်အော်ကျယ် အသံဖြင့် ပြောနေသောကြောင့် သူတို့နှစ်ယောက်၏အသံများကို တစ်ဆိုင်လုံးကြားနေကြရသည်။

''ငါ့မိန်းမနဲ့ ငါနဲ့ ဒီနေ့ရန်ဖြစ်တယ်ကွ''

ပထမလူက ပြောသည်။

ဒုတိယလူက

''ဒါဆန်းမှ မဆန်းပဲကွာ။ ဒီလိုပဲဖြစ်နေကျမှတ်လား''

''အင်း...ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ရန်ဖြစ်တာက တစ်မျိုးပဲကွ။ ငါဘက်ကသာရန်ဖြစ်တယ်လို့ပြောတာပါ တကယ်တော့ ဘယ်လိုပြောရမှန်း မသိပါဘူး''





''ဘယ်လိုဖြစ်လို့လဲ''

သူတို့နှစ်ယောက်က ပတ်ဝန်းကျင်ကို ဂရုမထားမိဘဲ သူတို့ပြောချင်ရာများကိုသာ ပြောနေကြသည်။

သို့သော် ဘာကြောင့်မှန်းမသိ 'ပထမလူ'ရဲ့စကားကို အားလုံးက စိတ်ဝင်စားစပြုနေကြသည်။

ထို့ကြောင့် မသိမသာနားထောင်ဖြစ်ကြ၏။

မောင်လွှယ်တို့ ဝိုင်းကလည်း သူတို့နှစ်ယောက်စကားကိုပဲ အာရုံထားနေမိကြသည်။

နားထောင်မိမှာပေါ့။ သူတို့ကလည်း အသံကျယ်တာကိုး။

''ငါညက အရက်သောက်လာတယ်ကွ''

''အင်း''

''ဆိုင်ကနေထွက်လာပြီး အရက်မူးမူးနဲ့ အိမ်ပြန်ရောက်တော့ မိန်းမက ငါ့ကို ဘာပြောတယ်မှတ်လဲ''

''ဘာပြောလဲ''

''အစ်ကို...အိမ်ပြန်လာပြီလားတဲ့''

''ဟင်...အဲ့...အဲ့ဒီတော့''

''ငါ လန့်သွားတာပေါ့။ ဒါ ငါ့အိမ်မှ ဟုတ်ရဲ့လားပေါ့''

''ဘာဖြစ်လို့လဲကွ၊ မင်းကလဲ''

''ဟာ...အရင်ကဆို ငါ့ကိုဆူဆဲနေကျလေ။ ရှင်...ဒီအရည်



www.burmeseclassic.com

www.burmeseclassic.com



တွေသောက်လာပြီလား ဘာလားပေါ့။ အခုကျတော့ 'အစ်ကို ပြန်လာ ပြီလား'တဲ့။ မင်းတွေးကြည့်စမ်း၊ ငါဘယ်လောက်ကြက်သီးထသွား မလဲလို့"

"ဪ"

သူ့စကားကြောင့် ဆိုင်ထဲရှိလူများက ပြုံးစိစိဖြစ်သွားကြ သည်။

"ငါလည်း ငါ့အိမ်ဟုတ်ရဲ့လား သေချာစစ်ဆေးပေါ့။ ဟုတ် ပြီဆိုတော့မှ ငါ့မိန်းမကိုသေချာကြည့်။ သေချာတယ် ငါ့မိန်းမဆိုတော့ မှ နောက်တစ်ဆင့်တက်ပေါ့"

"ဘယ်...ဘယ်လိုတက်တာလဲ"

ဒုတိယလူက စိတ်ဝင်တစားနှင့် ဆက်မေးပြန်၏။

"မိန်းမရေ...ငါထမင်းစားမယ်လို့ ပြောလိုက်တာပေါ့"

"ဟာ၊ အဲဒီအဆင့်ကြီးလား"

"အေးလေ...ဒီတော့ ငါ့မိန်းမက ငါ့ကို အုပ်ဆောင်းတွေ ဘာတွေဖွင့်ပေးပြီးတော့ အဆင်သင့်ပဲ အစ်ကိုရေတဲ့"

"ဟင်"

"အဲဒီမှာ ငါလုံးဝတွေဝေသွားတယ်၊ တစ်ခုခုမှားနေပြီပေါ့"

"ဒါနဲ့"

"ဒါနဲ့ ငါလည်း ငါ့မိန်းမကို 'မင်း ငါ့ကိုနောက်နေတာလား





လို့ မေးလိုက်မိတယ်။ မင်းပဲ စဉ်းစားကြည့်လေ။ အရက်သောက်ပြီး ပြန်လာတဲ့ ယောကျ်ားတစ်ယောက်ကို ဒီလိုပဲကြိုစရာလား။ ဟင်း သူသက်သက်မဲ့ ငါ့ကိုအရွဲ့တိုက်ပြီး နောက်နေတာသိလို့ ငါကလည်း မေးလိုက်တာပေါ့"

"သူက ဘာပြန်ပြောတုန်း"

"အိုကွယ်...သူကလည်း တဲ့"

"ဘာ...ဘာပြန်ပြောတာ"

"ဟာ...မင်းကလည်း မကြားဘူးလား၊ 'အိုကွယ်...သူ ကလည်း'လို့ ငါ့ကိုပြန်ပြောတယ်"

"အပေါ်...မင်းမိန်းမကလည်း"

တစ်ဆိုင်လုံးက သူတို့စကားအား နားထောင်နေသည်ကို သူတို့ မသိကြပါ။

သူတို့နှစ်ယောက်သာ တစ်ကမ္ဘာဟုထင်ပြီး စကားပြောနေကြ ခြင်းဖြစ်သည်။

"နောက်ဆုံး ငါလည်းမထူးပါဘူးဆိုပြီး 'မိန်းမရေ...အိပ်ရ အောင်'လို့ပြောလိုက်တယ်"

"အင်း...ဒီတော့"

"အရင်တုန်းကဆိုရင် 'ရှင့်ဘာသာ ရှင်အပြင်မှာအိပ်၊ အခန်း ထဲလာမအိပ်နဲ့ ဘာညာပြောတာ။ အခု အဲဒီလိုမဟုတ်ဘူးကွ"



www.burmeseclassic.com

www.burmeseclassic.com



''သူက ဘာပြောလို့လဲ''

''လာ...ကိုကို သွားအိပ်မယ်ဆိုပြီး 'အာဘွား'ပါပေးသေးတယ်ကွ''

ထိုလူ့အဖြစ်အပျက်ကို တစ်ဆိုင်လုံးက ရယ်နေပြီဖြစ်သည်။

''ဟား...ဟား''

ဒုတိယလူကလည်း ပထမလူအဖြစ်အပျက်ကို အားပါးတရရယ်လေတော့သည်။

''မနက် အိပ်ရာကနိုးတော့မှ ငါ့မိန်းမက ငါ့ကိုလေပြေလေးနဲ့ စကားစစ်ခင်းဘော့တာပဲ''

''ဘာတွေ စစ်ခင်းတာလဲ ပြောပါဦး''

''သူက ငါ့ကိုမေးတယ်။ 'အရက်ရဲ့အဓိပ္ပာယ်က ဘာလဲ'တဲ့''

''အဲဒီတော့ မင်းက ဘာပြန်ပြောလိုက်လဲ''

''ငါကလည်း ငါသိသမျှ အဓိပ္ပာယ်ဖြစ်တဲ့ ခါးသက်သက်၊ ရိုဝေဝေ၊ မူးနောက်နောက် စတာတွေကို ပြောတာပေါ့''

''အင်း...ဟုတ်တယ်လေ''

''ဒါပေမဲ့ ငါ့မိန်းမက လက်မခံဘူးကွ''

''ဘာဖြစ်လို့လဲ''

''အဲဒါက အရက်ရဲ့အရသာနဲ့ ခံစားမှုတွေတဲ့''





''အဲ...အဲဒါလည်း ဟုတ်တာပဲ''

''သူမေးတာက အဓိပ္ပာယ်တဲ့''

''မင်းကလည်း ကြံဖန်ဖြေလိုက်ပေါ့ကွာ''

''ငါလည်း စဉ်းစားတာပဲ။ စဉ်းစားလို့မရဘူးဖြစ်နေတယ်။ ဒါနဲ့နောက်ဆုံး 'မိန်းမရေ ...ငါမသိတော့ဘူးလို့' ပြောလိုက်ရတယ်''

''မင်းမိန်းမက ဘာပြန်ပြောလဲ''

''ရှင်ကလည်း အရက်သောက်ပြီး အရက်အဓိပ္ပာယ်တောင်မသိဘူးလားတဲ့''

''အေးလေ၊ မင်းကလည်း မင်းပဲ။ အရက်သောက်ပြီးအရက်အဓိပ္ပာယ်လေးတောင် မသိဘူးလို့ကွာ''

''အေးကွာ ...ပြောလည်းခံရမှာပဲ။ ငါ့မိန်းမက ငါ့ကိုဆက်ပြောတယ်''

''ဘာပြောလဲ''

''ဒီမှာ ရှင်မှတ်ထား ကျွန်မ အရက်ရဲ့အဓိပ္ပာယ်ကို ပြောပြမယ်တဲ့''

''ဟာ ...မင်းမိန်းမကတော့ လုပ်တယ်နော်။ ပြောပါဦး။ သူက အရက်ကို ဘယ်လိုအဓိပ္ပာယ်ဖွင့်တုန်း''

''သူကပြောတယ်...'အရက်ဆိုတာ သာမန်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားနှင့်မိန်းမကို နီးစပ်စေသည်။ သို့သော် လင်နှင့်မယားကို ကွဲအောင်လုပ်သည်'တဲ့''

''ဟင်''

ဆိုင်ထဲက လူများက ထိုစကားကိုသဘောကျသွားပုံရသည်။

''အဲဒီမှာ ဆိုလိုတာကကွာ...ငါ့ဒီအတိုင်းသာ အရက်ဆက်သောက်နေမယ်ဆိုရင် သူနဲ့ ငါနဲ့ကွဲရမယ်ပေါ့။ ညကလည်း ရှင်အရက်သောက်မလာရင် အဲဒီလိုမျိုး အပြုအစုအယုအယမျိုးလေးတွေ ခံရမယ်လို့ နမူနာပြတာပါတဲ့''

''ဟာ...မိုက်တယ်ကွာ''

''အဲဒီတော့ ငါလည်း အရက်သောက်ဖို့ နည်းနည်းတွန့်သွားတာပေါ့''

''ဟား...ဟား...ဟား''

ဒုတိယလူမှာ အားပါးတရ ရယ်မောလေတော့၏။

ကျန်တဲ့လူတွေကလည်း ဝိုင်းရယ်ကြတော့သည်။ ထိုအခါမှပင် ပထမလူက ဘေးပတ်ဝန်းကျင်ကို သတိထားမိသွားပြီး ရှက်ကိုးရှက်ကန်းဖြင့် 'အဟီး'ဟု ရယ်ပြ၏။

မောင်လွယ်မှာလည်း ထိုသူ့မိန်းမ၏ပြောပုံဆိုပုံကို သဘောကျသွားသည်။





ပထမလူက ဒုတိယလူ အရယ်ရပ်သွားတာစောင့်ပြီး မေးခွန်းတစ်ခုထပ်မေး၏။

''အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦး လက်ထပ်ထိမ်းမြားတာကို မင်းဘယ်လိုထင်လဲ''

ဟု မဆီမဆိုင်ထပ်မေးသည်။

ဒုတိယလူမှာ ပထမလူအမေးကို မဖြေနိုင်သေးဘဲ ကြောင်အအ ဖြစ်သွားသည်။

ဘာပြောရမှန်းမသိ ဖြစ်နေပုံရသည်။ ထို့နောက် -

''အင်း...ဘယ်လိုပြောရမလဲကွာ''

ဟု ဆိုပြီး စဉ်းစားနေသေး၏။

ထိုစဉ် မောင်လွယ်က ဘိတ်သားအားကြည့်ပြီး -

''လူတစ်ယောက်က ပြောဖူးတယ်။ အမျိုးသားနဲ့ အမျိုးသမီးလက်ထပ်ထိမ်းမြားတယ်ဆိုတာ **'ကြိုးဝိုင်းအတွင်းမှာ လက်ဝှေ့ထိုးတော့မယ့် လူနှစ်ဦးလက်ဆွဲနှုတ်ဆက်နေတာ'**တဲ့''

''ဟင်''

အားလုံးက သူ့ကိုဝိုင်းကြည့်ကြပြန်သည်။

ပထမလူကလည်း သူ့ကိုကြည့်၏။

''ဟာ...ဟုတ်လိုက်လေ ကိုယ့်လူရာ 'လက်ဆွဲနှုတ်ဆက်တာ'ဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပထမလူက မောင်လွှယ်ကို လှမ်းပြောလိုက်၏။

ဤသို့ဖြင့် မောင်လွှယ်နှင့် ဆိုင်ထဲမှ လူများ ရင်းနှီးသွားကာ တွေ့ရာလေးပါးစကားများ ပြောဖြစ်ကြ၏။

ပထမလူကလည်း သူ့နာမည်မှာ မင်းမောင် ဖြစ်ကြောင်း မိတ်ဆက်၏။

ထိုစဉ် ဆိုင်ထဲမှ အဘိုးကြီးတစ်ဦးက -

''ငါအခုတလော စိတ်ညစ်နေတယ်''

ဟု အားလုံးကြားအောင် ညည်းညူလိုက်ပြန်သည်။

''ဘာများဖြစ်လို့လဲ အဘိုးရဲ့''

မောင်လွှယ်က မေးလိုက်၏။

''ငါ့မှာ သားတစ်ယောက်ရှိတယ်။ ဒါပေမဲ့ သူက အခုထိ အိမ်ထောင်လည်းမကျသေးဘူး။ ငါကလည်း သူ့ကို အိမ်ထောင်ချပေးချင်တယ်။ ဒါပေမဲ့ အလုပ်လည်း အခုထိ မရှိသေးဘူး။ အဲဒါကို ငါက စိတ်ညစ်နေတာ''

''ဪ...ဒါလား''

''အေး...ဟုတ်တယ်''

''ဒါဆို...အဘိုးရဲ့သားကို အဘိုးက ဘယ်သူ့သမီးနဲ့ ပေးစားချင်တာလဲ''

မောင်လွှယ်က အဘိုးအိုကို အားလုံးကြားအောင်မေးလိုက်၏။





''တစ်ဖက်ရွာက ရွာမျက်နှာဖုံး ဦးတိုးကြွယ်ရဲ့သမီးနဲ့ ပေးစားချင်တယ်''

''ဟာ''

''ဟင်''

''အို...မဖြစ်နိုင်ဘူး''

စသည်ဖြင့် အသံများ ဆူညံသွားသည်။ ဦးတိုးကြွယ်မှာ ပိုက်ဆံအနည်းငယ်ရှိသူဖြစ်ပြီး သူ့သမီးအား တော်ရုံတန်ရုံလူနှင့် မပေးစားချင်ချေ။

''အေးလေ...ဒါကတော့ ငါဖြစ်စေချင်တာပြောတာပါ''

ဟု အဘိုးအိုကလည်း စကားကို အဆုံးသတ်လိုက်သည်။

မောင်လွှယ်က အဘိုးအိုစကားကို ခေါင်းညိတ်လိုက်ပြီး ထပ်မေးပြန်၏။

''ပြီးတော့...အဘိုးရဲ့သားကို ဘယ်လိုအလုပ်မျိုး ရစေချင်လဲ''

ထိုအခါ အဘိုးအိုက အနည်းငယ်စဉ်းစား၏။

ဆိုင်ထဲရှိလူများကလည်း မောင်လွှယ်နှင့် အဘိုးအို၏စကားများကို စိတ်ဝင်စားလာကြပြန်သည်။

''မြောက်ဘက်ရွာက မြေပိုင်ရှင်ကြီးဆီမှာ လယ်အားလုံး အုပ်ချုပ်ရတဲ့သူဖြစ်စေချင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုကပြောတော့ အားလုံးက ကန့်ကွက်ကြပြန်သည်။

'မဖြစ်နိုင်ဘူး' 'စိတ်ကူးယဉ်တာ' 'ဘာညာ'နဲ့ပေါ့...။

မောင်လွယ်က...

"ကျွန်တော်ပြောတဲ့အတိုင်းလုပ်မယ်ဆိုရင် အဘိုးစိတ်ကူးတွေ ဖြစ်စေရမယ်"

"တကယ်လား"

အဘိုးအို အံ့ဩသွားသည်။ မောင်လွယ့်စကားကို မယုံရဲလည်းဖြစ်နေသည်။

တစ်ဆိုင်လုံးရှိလူများကလည်း မောင်လွယ့်အပေါ်တွင် အဘိုးအိုနည်းတူပင် မယုံမရဲရှိနေကြ၏။

မောင်လွယ်က အဘိုးအိုနားတိုးသွားလိုက်သည်။

ထို့နောက် တစ်စုံတစ်ခုအား တိုးတိုးလေး ကပ်ပြောလိုက်လေ၏။

"ဟာ"

အဘိုးအိုသည် ခေါင်းပင်မညိတ်နိုင်ဘဲ မောင်လွယ့်ကိုသာ စိုက်ကြည့်နေလေ၏။

မောင်လွယ်ကလည်း ပြန်ပြုံးပြလိုက်၏။

အားလုံးက မောင်လွယ်ဘာပြောသလဲဆိုတာကို သိချင်သွားကြသည်။





သို့သော် အဘိုးအိုက ပြန်မပြောပြ ...။

မောင်လွယ်ကလည်း သူ့စားပွဲမှာပြန်ထိုင်နေ၏။

■



www.burmeseclassic.com

www.burmeseclassic.com

ကစားနေတာလား

ထားလိုက်ပါ

ကိုယ်က

မင်းအတွက်

အရုံလူပါ။





[၁၄]

နောက်တစ်ပတ်တွင် ထမင်းဆိုင်၌ပြောခဲ့သော အဘိုးအိုရဲ့ သတင်းသည် တစ်ရွာလုံးသို့ ပျံ့နှံ့သွားရော။

မောင်လွှယ်ပြောသည့်အတိုင်း ပြုလုပ်ခဲ့ရာ အဘိုးအို၏သား မှာ မြောက်ဘက်ရွာ၏မြေပိုင်ရှင်ထံတွင် လယ်အားလုံး အငှားလုပ်ခွင့် ရသူတစ်ဦးဖြစ်သွားပြီး တစ်ဖက်ရွာက ရွာမျက်နှာဖုံး ဦးတိုးကြွယ်၏ သမီးနှင့်လည်း အိမ်ထောင်ကျသွားလေ၏။

အဘိုးအိုမှာ ပျော်လွန်း၍ မောင်လွှယ်ထံသို့ ခဏခဏလာပြီး ကျေးဇူးတင်စကားဆိုကာ လက်ဆောင်ပစ္စည်းများ လာရောက်ပေး လေ၏။

ထူးဆန်းသည်မှာ ထိုနေ့က မောင်လွှယ်ပြောခဲ့သည့် စကား ကို အဘိုးအိုက အခြားသူများအား ပြန်မပြောပြခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမသိသူများက အဘိုးအိုအားမေးကြ၏။ 'မောင်လွယ် ဘာပြောခဲ့တာလဲ' ပေါ့။

အဘိုးအိုကတော့ အေးအေးဆေးဆေးပင်ဖြစ်၏။

မောင်လွယ်ကိုလည်း တချို့ကမေးကြသေး၏။

မောင်လွယ်ကလည်း 'အင်း…အဲ…အဲ' နှင့် ပြန်မဖြေ။

ဤသို့ဖြင့် ထိုသတင်းသည် ချစ်သူရွာ၌ နာမည်ကြီးသွားလေ၏။

မောင်လွယ်ကိုလည်း အားလုံးက ခင်မင်လေးစားကာ အထင်ကြီးသွားကြလေသည်။

■





[၁၅]

ဤသို့ဖြင့် ပရော်ဖက်ဆာ ကာလဖေဦးဆောင်၍ ချစ်သူရွာသို့ လေ့လာကြ၏။

မနက်ပိုင်းတွင် သူကြီး၏တပည့် ဘိတ်သားကိုခေါ်ကာ ရွာ၌ လျှောက်ကြည့်ကြ၏။

နေ့ခင်းပိုင်းရောက်သောအခါတွင် ပြန်နားကာ ညနေပိုင်းတွင် မောင်လွယ်ကလည်း သွားချင်ရာသွားနေတတ်ပြီး ဆရာကျော်ကလည်း သူသွားချင်ရာလျှောက်သွားနေတတ်သည်။

မည်သို့ဆိုသော် ပရော်ဖက်ဆာက ညနေပိုင်းတွင် ဖြဲအဲ၌နေကာ အနားယူသောကြောင့်ဖြစ်သည်။

ထို့ကြောင့် မောင်လွယ်နှင့် ဆရာကျော်တို့ကို ရွာသူရွာသားများက ပိုသိကာ ခင်မင်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ မောင်လွှယ်နှင့် ဆရာကျော်တို့သည် ရွာရှိ လူငယ်များနှင့် ရောနှောကာ တရုန်းရုန်းရှိနေတတ်သည်။

တစ်နေ့ ညနေပိုင်းတွင် မောင်လွှယ်သည် သူကြီးအိမ်၌ ပရော်ဖက်ဆာနှင့်ရှိနေစဉ် ဆရာကျော်သည် အပြင်မှပြန်လာလေသည်။

ထို့နောက် ပရော်ဖက်ဆာမသိအောင် မောင်လွှယ်ကိုလှမ်းခေါ်၏။

မောင်လွှယ်လည်း အလိုက်တသိပင် ဆရာကျော်နားသို့ ကပ်သွားကာ လူများနှင့် ဝေးရာသို့သွားလိုက်၏။

"မောင်လွှယ်"

ဆရာကျော်က တိုးတိုးလေးခေါ်၏။ မျက်နှာကလည်း တစ်ခုခုကို မလုံမလဲဖြစ်နေသည်။

"ဗျာ…ဆရာကျော်"

မောင်လွှယ်က ထူးလိုက်သောအခါတွင် ဆရာကျော်မှာ ဘာပြောလို့ ပြောရမှန်းမသိ ဖြစ်သွားပုံရသည်။

"ဟို…ငါ…"

"ပြောပါ ဆရာကျော်…ဘယ်သူမှမရှိပါဘူး"

"ငါ…ဘယ်လိုပြောရမှန်း မသိဘူးဖြစ်နေတယ်"

"ဘာဖြစ်လို့လဲ ဆရာကျော်။ လာ…ဟိုဘက်မှာ သွားထိုင်ရအောင်"





လူရှင်းသောနေရာရှိ ခုံလေးတစ်ခုသို့ မောင်လွှယ်က ဆရာကျော်အား ခေါ်သွားလိုက်၏။

"ငါ…ဒီရွာက အမျိုးသမီးတစ်ယောက်ကို ချစ်နေပြီ"

ဆရာကျော်က ထိုင်ခုံ၌ ဝင်ထိုင်ချင်းပင် ပြောလိုက်၏။

မောင်လွှယ်က ဆရာကျော်ကို ဘာမှပြန်မပြောနိုင်ဘဲ ငေးကြည့်နေမိ၏။

မယုံကြည်တဲ့ အကြည့်လား၊ မဟုတ်ဘူး…။

အချစ်ကိစ္စအကြောင်းကို ဘယ်တော့မှ မတိုင်ပင်ဖူးသော ဆရာကျော်အား ထူးဆန်းအံ့သြ၍ ကြည့်နေမိခြင်းဖြစ်သည်။

"အဲဒါ ငါဘယ်လိုလုပ်ရမလဲ…။ ငါ့ကိုကူညီပါဦး…မောင်လွှယ်။ မင်းက အဲဒါလေးတွေ ဘာတွေ ကျွမ်းတယ်ကွ"

"ရွာထဲက ဘယ်သူလဲ ဆရာ။ ဆရာနဲ့ ဘယ်လိုတွေ့တာလဲ။ ဘယ်အဆင့်တွေရောက်နေပြီလဲ"

ဆရာကျော်မှာ ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး -

"သူ့နာမည်က မခင်စိန်တဲ့၊ သူကလည်း အပျိုကြီးပဲ"

"ဩော်"

မောင်လွှယ်မှာ မြို့ပေါ်တွင် ကောင်မလေးချောချောများကို မချစ်တော့ဘဲ ရွာသူလေးတစ်ဦးအပေါ်တွင် စွဲလမ်းမိနေသော ဆရာကျော်အား ရယ်လည်းရယ်ချင်သော်လည်း မရယ်ရက်ဘူးဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“ငါနဲ့သူနဲ့လည်း ခင်တယ်။ ပြီးတော့ အဟီး…သူက ချောတယ်ကွ”

ဆရာကျော်မှာ ရှက်လည်းရှက်၊ ကျေနပ်လည်း ကျေနပ်နေပုံရသည်။

“ဆရာကျော်၊ သူ့ကိုချစ်တယ်လို့ ပြောပြီးပြီလား”

“အင်း…ဘယ်လိုပြောရမလဲကွာ။ မနေ့က ငါနဲ့ သူနဲ့ နှစ်ယောက်ထဲ စကားပြောခွင့်ရတယ်”

“အင်း…ဘာတွေပြောဖြစ်ကြလဲ”

“ငါလည်း ငါတတ်သလောက်၊ မှတ်သလောက်တော့ ပြောခဲ့တာပေါ့။ အသေးစိတ်ပြောပြမယ်ကွာ၊ ဒီလိုကွ…”

ဟု ဆရာကျော်က သူ့ထုံးစံအတိုင်း ပြန်ပြောပြ၏။

■





[၁၆]

“မခင်စိန်”

“ရှင်”

အပျိုကြီးမခင်စိန်က ကန့်ကလျပြန်ထူးသည်။

လူပျိုကြီး ရင်ဖိုသွားသည်။

“ငါလေ နင့်ကိုပြောစရာရှိတယ်”

“အမယ်…ချွတ်စွပ်ပဲနော်”

“ဟင်…ဘာလဲ”

လူပျိုကြီးက အပျိုကြီးစကားကို နားမလည်ဘဲ ပြန်မေးလိုက်သည်။

“သြော်…ဗွီဒီယိုထဲမှာဆိုလည်း မင်းသားက မင်းသမီးကို ညည်းစားစကားပြောကာနီးကျရင် ‘ငါလေ…နင့်ကိုပြောစရာရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



သီလား' ဆိုပြီးတော့ စတယ်လေ''

''သြော်...ဟုတ်လား''

လူပျိုကြီးမှာ ငိုမဲ့မဲ့ဖြစ်သွားသည်။

''ဟုတ်တယ်...ကျွန်မက ဗွီဒီယိုကို၊ ဓာတ်ပွဲတို့၊ ပြဇာတ်တို့ဆိုရင် သိပ်ကြိုက်တာ သိလား''

''အင်း...ဟုတ်ကဲ့''

''အဲဒါနဲ့ ဆက်ပြောပါဦး''

အပျိုကြီးက လူပျိုကြီးစကားကို ပြန်စပေး၏။

လူပျိုကြီးကလည်း သူ့စကားဘယ်နားရောက်သွားပြီလဲဟု မေ့သွားပြီး –

''အင်း...ဘယ်နားတောင်ရောက်သွားပါလိမ့်''

''ငါလေ...နင့်ကို ပြောစရာရှိတယ်ဆိုတဲ့ နေရာရောက်သွားပြီလေ''

အပျိုကြီးက ထောက်ပေးသည်။

''သြော်...အင်း၊ ဟုတ်တယ်''

ဟုဆိုလိုက်ပြီး လူပျိုကြီးက အပျိုကြီးမခင်စိန်ကို 'လူပျို အကြည့်' ဆိုသော အကြည့်ဖြင့်ကြည့်၏။

ထို့နောက် 'အအိုတစ်ယောက်၏သက်ပြင်း' မျိုးချကာ –

''မခင်စိန်''





ဟု 'ကလေးတစ်ယောက်လို' ချွဲချွဲပြစ်ပြစ်လေးခေါ်လေ၏။

''ရှင်''

အပျိုကြီးကလည်း နောက်တစ်ခေါက်ထပ်ထူးလေ၏။

''ကျွန်တော့်ဘဝမှာ တစ်ခါမှမဖြစ်ဖူးဘူး သိလား''

''ဟုတ်ကဲ့ ရှင့်''

''ကျွန်တော်လေ မခင်စိန်ကို စစတွေ့ချင်းထဲက ပြောမလို့ပဲ။ ဒါ...ဒါပေမဲ့ မပြောရဲဘူးဖြစ်နေတယ်''

''အိုကွယ်''

ဗီဒီယို ပြဇာတ်ကြိုက်သူပီပီ မခင်စိန်က သူ့အကြိုက်မင်းသမီး တစ်ယောက်၏အိုက်တင်ယူကာ ရှက်ပြုံးလေးဆိုသည်။ တကယ်ပါ၊ သူတို့နှစ်ယောက်မှာ ရွာရှိ သစ်ပင်တစ်ပင်အောက်တွင် စကားပြောနေကြခြင်း ဖြစ်သည်။

သူတို့နှစ်ယောက်ကိုကြည့်ရသည်မှာ ဗီဒီယိုရိုက်ကွင်းတစ်ခု၌ မင်းသားနှင့် မင်းသမီးတို့ ဒိုင်ယာလော့ပြောနေသည့်နှင့် ဆင်တူနေ၏။

''ကိုယ်လေ...မင်းကို...''

''အို...သူမပြောနဲ့...တို့သိတယ်...တို့သိတယ်''

အပျိုကြီးက လူပျိုကြီးနှုတ်ခမ်းလေးကို လက်ညှိုးလေးနှင့် လှမ်းပိတ်လိုက်၏။ လူပျိုကြီးမှာ အပျိုကြီး၏အပြုအမူကြောင့် အနေကြောင် ကြောင်ဖြစ်သွားပြီး 'ဘာရဲဟ' ဟု အတွေးပင် ဝင်လိုက်သေးသည်။

www.burmeseclassic.com



အပျိုကြီးက လူပျိုကြီး၏နှုတ်ခမ်းပေါ်မှ သူ့လက်ညှိုးလေးကို မဖယ်သေးဘဲ -

"တစ်ရွာသားမို့ မယုံချင်သေးဘူးကွယ်"

"ဟင်"

လူပျိုကြီး၏ ရင်သည် နိမ့်တုန်မြင့်တုန်ဖြစ်နေရာမှ ပြန်မကျတော့ချေ…။

သူ့က တစ်ရွာသားမို့ မယုံဘူးတဲ့…။

ဘယ်လိုလုပ်ရမလဲ။

"တို့ကိုတော့ ယုံစေချင်တယ်"

အပျိုကြီး ဘာမှပြန်မဖြေ။

လူပျိုကြီးကိုလည်း မကြည့်။

မင်းသမီးလေးတစ်ယောက်၏ အိုက်တင်မျိုးဖြင့် လက်ညှိုးကလေးနှစ်ခုကိုထိပြီး အဝေးသို့ 'လင်မျှော်ငေးလေး' ငေးနေ၏။

"သူ့ကို တို့က ယုံရမယ်တဲ့လား"

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုစကားပြောအပြီး သစ်ပင်ပေါ်မှ သစ်ရွက်အချို့ကြွေကျ၏။

အပျိုကြီး ကျေနပ်သွားသည်။ ဟုတ်တယ်လေ၊ သစ်ရွက်လေးတွေ ကြွေ၊ လေပြေလေးတွေတိုက်၊ ဒါ လွမ်းဆွတ်မှုပဲဟု တွေးလိုက်မိသောကြောင့်ဖြစ်သည်။





"ယုံမှာလားဟင်"

အပျိုကြီးက ခေါင်းလေးကို ဖြည်းဖြည်းလေးစောင်းငဲ့ကာ လူပျိုကြီးကိုကြည့်၏။

"အဲဒါဆို ညဖက် ပို့အိမ်ရှေ့မှာ စိပ်ဂဝင်စားဖွယ်ကောင်းတဲ့ ရည်းစားစကားလာပြော…ဟုတ်ပြီလား၊ တို့အကြိုက်ရယ်၊ တို့ယုံကြည်အောင်ရယ်လည်း ပြောဦးနော်။ အဲဒီလိုလာပြောရင် လူတွေအားလုံးထွက်ကြည့်လိမ့်မယ်။ ဒါဆို ရွာရဲ့ဓလေ့ဖြစ်တဲ့ ရည်းစားစကားပြောရင် လူရှေ့သူရှေ့မှာ ပြောရမယ်ဆိုတဲ့ ပုံစံနဲ့လည်း ညီသွားတာပေါ့"

ဟု ပြောပြီးနောက် -

အပျိုကြီးသည် မင်းသမီးလေးအိုက်တင်ဖမ်းကာ လူပျိုကြီးရှေ့မှ 'အပျိုဖြန်းလေးပြေးဟန်'ဖြင့် ခြေထောက်နှစ်ချောင်းကို ခွင်ကာ ပြေးထွက်သွားလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



[၁၇]

''အဲဒါပါပဲ မောင်လွယ်ရယ်''

''ဆရာကျော်ကလည်း အပျိုကြီးပြောချင်လည်း ပြောချင်စရာပဲ''

ဆရာကျော်မှာ စိုးရိမ်စိတ်ဖြစ်သွားပြီး

''ဘာ...ဘာဖြစ်လို့လဲ မောင်လွယ်''

''ဗွီဒီယိုထဲကလိုပဲ ဇာတ်လမ်းကို နောက်ကြောင်းပြန်ပြီးတဲ့အခါမှာ 'အဲဒါပါပဲကွာ' လို့ သုံးလို့လေ''

''အင်''

ဆရာကျော် အူလည်လည်ဖြစ်သွားတာကို မောင်လွယ်မှာ သနားသွားပြီး -

''ဆရာကျော်''



BURMESE CLASSIC .com



''ဟော''

''ဆရာကျော် အခုဘာလုပ်ချင်လဲ''

''ငါလည်း ဘာလုပ်ရမှန်းမသိဘူးဖြစ်နေတယ်ကွာ''

မောင်လွယ်က ဆရာကျော်အား သေချာကြည့်လိုက်ကာ

''ဆရာကျော်ကလည်း ညဘက်သူ့အိမ်ရှေ့မှာ သူပြောတဲ့အတိုင်း သွားလုပ်ပေးလိုက်ပေါ့''

''ငါက ဘာလုပ်ရမယ်မှန်းမှ မသိတာ''

''လွယ်လွယ်လေးပါ ဆရာကျော်ရယ်''

ဆရာကျော်မှာ အားတက်သွားပြီး

''ဟော...ဘယ်လိုလဲ လုပ်စမ်းပါဦးကွ''

''သူက ပြဇာတ်တို့ ဗွီဒီယိုတို့ ဝါသနာပါတယ်မှတ်လား''

''အင်းလေ''

''သူပြောသွားတာလည်း 'သူ့အကြိုက် ယုံကြည်အောင်လာပြော' ဆိုတဲ့ ပုံစံပြောသွားတယ်မှတ်လား''

''အေး...ဟုတ်တယ်''

မောင်လွယ်ကလည်း စဉ်းစားသလိုလို ဘာလိုလိုပြုံးလိုက်ပြီး -

''ဒီတော့ သူ့အိမ်ရှေ့မှာ ပြဇာတ်သွားကလိုက်ပေါ့''

''ဘယ်လို''



www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော်က မောင်လွယ်ကို မျက်မှောင်ကျုတ်ကြည့်သည်။

မောင်လွယ်ကလည်း ထပ်ပြောသည်။

"သူ့အိမ်ရှေ့မှာ ပြဇာတ်သွားကလိုက်လို့ပြောတာ၊ ရည်းစား စကားပြဇာတ်ပေါ့ ဆရာကျော်ရယ်"

"အို"

ကြောင်တောင်တောင်နိုင်သော စိတ်ကူးဖြစ်သော်လည်း ဆရာကျော်မှာ လက်ခံလိုက်လေသည်။

■



BURMESE CLASSIC .com



[၁၈]

ညဘက် လူတော်တော်များများ အိပ်မပျော် သေးသည့် အချိန် ဖြစ်သည်။

ထိုစဉ် ရွာလမ်းမကြီးပေါ်တွင် လူလေးငါးယောက်သည် ပစ္စည်း စုံလင်လင်ဖြင့် လမ်းလျှောက်လာနေကြ၏။

သူတို့သည် အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်ကြ၏။

"မောင်လွယ်"

"ဗျာ...ဆရာကျော်"

"ဘာဆက်လုပ်ကြမလဲ"

"ကျွန်တော်တို့ ဇာတ်တိုက်ထားခဲ့တဲ့အတိုင်း ဆက်လုပ်ကြ တာပေါ့ ဆရာ"

"ဪ...အေး"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့ဦးပါလာသော ပစ္စည်းများကို နေရာချကြ၏။

မောင်လွယ်၊ ဆရာကျော်၊ ?တ်သား၊ မောင်လွယ်ကူညီလိုက်သော ကိုတင်ညွန့်နှင့် မောင်လွယ်တို့ကို ထန်းရည်ဆိုင်မှာ လမ်းညွှန်လိုက်သော ကိုတူးဆိုသည့်လူနောက်တစ်ယောက်တို့သည် အပျိုကြီးမခင်စိန်အိမ်ရှေ့၌ ရောက်နေကြခြင်းဖြစ်သည်။

မောင်လွယ်က အပျိုကြီးမခင်စိန်တို့ အိမ်ဘက်သို့ မျက်နှာမူလိုက်သည်။

"အခုအချိန်မှစ၍ ကျွန်တော်တို့ရဲ့အဖွဲ့ဟာ 'တစ်ရွာသားမို့ မယုံရဲဘူး တို့ရယ်' ပြဇာတ်ကို ကပြမှာဖြစ်ပါတယ် ခင်ဗျား"

ဟု မောင်လွယ်က အော်လိုက်လေ၏။

မောင်လွယ်၏အော်သံကြောင့် အချို့အိမ်တံခါးများ ပွင့်လာကြ၏။

'ဘာလုပ်မလို့လဲ' ဟူသော စိတ်ဝင်စားမှုနှင့်အတူ ထွက်ကြည့်ကြခြင်းဖြစ်သည်။

အပျိုကြီးမခင်စိန်၏ အရိပ်အယောင်ကိုတော့ မတွေ့ရသေးချေ။ အိမ်ထဲမှာတော့ သူတို့အဖွဲ့၏အသံကို နားထောင်နေပုံရသည်။

မောင်လွယ်က ဆက်ပြော၏။

"ဒီပြဇာတ်မှာ ဇာတ်ကြောင်းပြောသူအဖြစ် ကျွန်တော် မောင်လွယ်က တာဝန်ယူမှာဖြစ်ပြီး၊ မင်းသားကတော့ နိုင်ငံကျော်





ဆရာကျော်ဖြစ်ပါတယ်။ မင်းသမီးအဖြစ် တာဝန်ယူမယ့်သူကတော့ ထန်းရည်နဲ့မူး 'ကိုတူး' ဆိုတဲ့ 'မတူး' ပဲ ဖြစ်ပါတယ်။ မင်းသမီးရဲ့အဖေအဖြစ် 'ဘယ်တော့များမှ ချစ်ရမလဲကိုတင်ညွန့်' ဆိုတဲ့ မင်းသားကြီးကိုတင်ညွန့် ဖြစ်ပါတယ်ခင်ဗျား"

"ရှိုး...ဖြောင်း ဖြောင်း"

တချို့ ဗရုတ်ကျသော အိမ်တချို့က လက်ခုပ်လက်ဝါးတီးကြ၏။ ရယ်လည်းရယ်ကြ၏။ မောင်လွယ်တို့အပြုအမူကိုလည်း နားလည်စပြုလာကြသောကြောင့် ဖြစ်သည်။

မောင်လွယ်၏အပြောကြောင့်လည်း အိမ်တော်တော်များများက တံခါးများဖွင့်ကာ နားထောင်လာကြ၏။

မောင်လွယ်တို့ကလည်း သေသေချာချာ ပြင်ဆင်လာသည်။

"ပထမဆုံးအနေနဲ့ ဇာတ်ကြောင်းလေးကို အရင်ပြောပါရစေ"

"ပြောပြပါ...ပြောပြပါ"

အိမ်တစ်အိမ်မှ ကောင်လေးတစ်ယောက်က အော်ပြော၏။

"ဟုတ်ကဲ့ပါ၊ အခုလိုအားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဒီ 'တစ်ရွာသားမို့ ယုံရဲဘူး တို့ရယ်' ပြဇာတ်က ဒီရွာမှာ ပထမဆုံးကပြတဲ့ ပြဇာတ်ပါ။ နောက်ထပ်ကပြဖို့ အစီအစဉ်လည်း မရှိပါဘူးခင်ဗျာ။ ဟုတ်ကဲ့...အခုဇာတ်လမ်းလေးကို စတင်မိတ်ဆက်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



မောင်လွှယ့်အသံကြောင့် အားလုံးငြိမ်ပြီး တိတ်ဆိတ်သွားကြသည်။

"ရွာတစ်ရွာကို အခြားရွာက လူတစ်ယောက်ရောက်လာပါတယ်။ အဲဒီလူက ရွာက မိန်းမပျိုလေးတစ်ယောက်ကို ကြိုက်သွားပါတယ်။ ဒီတော့ သူက မိန်းမပျိုလေးကို မြင်မြင်ချင်း သူဘယ်လောက်ချစ်ကြောင်း မိန်းမပျိုလေးနဲ့ အပြန်အလှန်ပြောတဲ့အခန်းပါ။ မိန်းမပျိုလေးနာမည်က စိန်စိန်ဖြစ်ပါတယ်။ ဟုတ်ကဲ့···သူတို့ [illegible]ားစပြောကြပါပြီ"

ညသည် နည်းနည်းမှောင်နေ၏။

ထို့ကြောင့် လှမ်းကြည့်နေသော သူများသည် အရာရာအားလုံးကို ရှင်းရှင်းလင်းလင်းမမြင်ကြရ ···

ထိုစဉ် ယောင်္ကျားတစ်ယောက်နှင့် မိန်းမတစ်ယောက်လိုအသံမျိုးထွက်လာလေ၏။

■





[၁၉]

"ကိုယ့်အချစ်က အကြွေးမရောင်းတတ်ပါဘူး··· စိန်စိန်ရဲ့"

"သြော်···ဒါဆိုလည်း 'အလှူခံခြင်းသီးခံပါ' ကိုကော့"

"ကိုယ်က ဝယ်ပြီးပစ္စည်းလည်း ပြန်မလဲတတ်တဲ့ကောင်စားမျိုးပါ"

"တကယ်လား"

မိန်းမပျိုလေးအသံက ကန့်ကလျဖြစ်နေသည်။

"တကယ်ပါ"

"ဒါဆို မချစ်ရ၊ ဗို့အား (၁၀၀၀၀)ရှိသည် ဆိုရင်ရော"

"ဟာကွာ···ကိုယ်က အန္တရာယ်ကင်းစွာ မောင်းနှင်မှာပါ"

"ဗိုလ်ဗြ"



www.burmeseclassic.com

www.burmeseclassic.com



“မပိုပါဘူးကွာ။ တကယ်ပါ”

“ဒါဆိုမေးဦးမယ်”

မိန်းမပျိုလေးကဆိုတော့ အမျိုးသားက –

“မေးလေ…ကိုယ်က ဒီနေ့မင်းအမေးတွေကို ဖြေဖို့ တမင်လာတာပါ”

“ဒါဆိုမေးမယ်…ယောကျ်ားတွေက ဒုတိယအချစ်ကို မတွေ့မချင်း ပထမအချစ်ကို နောက်ဆုံးလို့ထင်တယ်ဆို။ အဲဒါ ဟုတ်လားဟင်”

“နိုး ဆိုတဲ့စကားလုံးဟာ ယောကျ်ားတွေထက် မိန်းမတွေက ပိုပြောတတ်ကြပါတယ်တဲ့။ ဒါပေမဲ့ အဲဒီစကားလုံးကို ကိုယ်သုံးပါတော့မယ်…နိုးပါကွယ်”

ကြည့်နေသောသူများ၏ လက်ခုပ်သံတွေ ဆူညံသွားသည်။

အထဲက အပျိုကြီးမခင်စိန်တော့ ဘယ်လိုနေလဲမသိ။

“ရှင်က လူပျိုကြီးနော်”

“ဟုတ်ပါတယ်”

“ဒါဆို လူတော်တော်များများပြောတတ်တဲ့ ရရစ်နဲ့ပြိုတဲ့ လူပြိုကြီးလား၊ ဒါမှမဟုတ် လူပိုကြီးလား”

“မဟုတ်ပါဘူးကွယ်၊ ကိုယ်က မင်းကိုချစ်မိလို့ ယိုကျနေတဲ့ အသည်းနှလုံးနဲ့ လူပျိုကြီးပါ။ အဲ…မင်းမချစ်ခဲ့ရင်တော့ ကိုယ်ဟာ





ကမ္ဘာမှာ လူပိုကြီးတစ်ယောက်ဖြစ်သွားမှာပါ”

“အဲဒီလောက်တောင်ပဲလား”

“ဟုတ်ပါတယ်”

“မယုံပါဘူး”

“ဘာလဲ…ကိုယ်ဟာလိမ်ညာတတ်တဲ့လူလို့ ထင်မိလို့လား”

“အင်းလေ…ရှင်ကတစ်ရွာသားပဲလေ။ ကျွန်မက သံသယရှိတာပေါ့”

“ဒီလိုဆို မင်းကိုယ့်ကို ချစ်နေပြီထင်တယ်”

“အို…ဘာဆိုင်လို့လဲ”

“ဟုတ်တယ်…ပြင်သစ်စာရေးဆရာကြီးတစ်ယောက်က ပြောဖူးတယ်။ ‘**အချစ်ခံရတဲ့အခါ ဘာကိုမှ သံသယမဖြစ်ဘူး။ ကိုယ်က ချစ်တယ်ဆိုတော့မှ အားလုံးကို သံသယဖြစ်လာတယ်**’ တဲ့”

“အို…မဆိုင်ပါဘူး”

မိန်းမပျိုလေးအသံ တိမ်ဝင်သွားသည်။

ထို့နောက် ဘာသံမှထွက်မလာဘဲ တိတ်ဆိတ်သွားပြန်သည်။

လိုစဉ် သီချင်းသံလေးလွင့်လာ၏။

ကြည်နူးဖွယ်ကောင်းသော …။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စရာကောင်းသော …။

သာယာဖွယ်ကောင်းသော …။

တေးသွားတစ်ခု ….။

နားထောင်နေသူအားလုံး မျောလွင့်သွားကြသည်။ ရင်ခုန်သံ။ ဟုတ်တယ် …။

တေးသွားထဲမှာ ရင်ခုန်သံပါတယ် …။

ဤတွင်

"ဟော့ကောင်၊ မင်း…ငါ့သမီးကို လိုက်နှောင့်ယှက်နေတာလားကွ…ဟင်"

အသက်ခပ်ကြီးကြီးအသံ ထွက်ပေါ်လာပြီးနောက် ဇာတ်ကြောင်းပြောသူမောင်လွယ်၏အသံသည်လည်း ပေါ်လာပြန်၏။

"ဟုတ်ကဲ့ပါခင်ဗျာ၊ မင်းသားနဲ့မင်းသမီးစကားပြောနေစဉ်မှာ မင်းသမီးအဖေရောက်လာ…အဲဒီမှာမင်းသမီးကလန့်ပြီး 'ဟင်… အဖေ'လို့ ပြောကာ ဇာတ်လမ်းဆက်ပါတယ် ခင်ဗျာ"

"နင် ဒီမှာ ဘာလုပ်နေတာလဲ မိစိန်"

ဦးလေးကြီးတစ်ယောက်၏အသံမျိုး ထွက်လာပြန်သည်။

"သူ…သမီးကို လိုက်…လိုက်နှောင့်ယှက်လို့"

အမျိုးသားကလည်း ပျာပျာသလဲလဲဖြစ်သွားပြီး -

"မဟုတ်ပါဘူး ဦး…မဟုတ်ပါဘူး"





"ဘာမဟုတ်ရမှာလဲ…ငါတောင် အခုတွေ့နေပြီပဲ"

"ဦးသမီးကို တကယ်ချစ်လို့ ချစ်စကားလိုက်ပြောတာပါ"

"ဩော်…မင်းက ပြောလေဆိုးလေပါလားကွဟင်၊ အဖေတစ်ယောက်လုံးရှေ့မှာတောင် မဆင်မခြင်ပြောတယ်"

"ကျွန်တော်ရှင်းပြပါရစေ ဦး"

ဦးလေးကြီးမှာ ဒေါသသံစွက်လျက် -

"မင်းက ငါ့ကို ဘာရှင်းပြဦးမှာလဲ"

"ဒီလိုပါ ဦးရယ်"

"အေး…ပြော၊ မဟုတ်လို့ကတော့ တွေ့မယ်"

ဦးလေးကြီးမှာ ဒေါသသံလျော့သွားပြီး အမျိုးသား၏စကားကို နားထောင်နေလိုက်၏။

နားထောင်နေသူအားလုံးကလည်း မင်းသားက မင်းသမီးအဖေကို ဘာပြန်ပြောမလဲဟု စိတ်ဝင်စားသွားကြသည်။

ပြေလည်ကျေနပ်အောင် ဘာပြန်ပြောမလဲ။

ထိုစဉ် အမျိုးသားက လေသံအေးအေးလေးဖြင့် -

"ဦးသမီးကို ကျွန်တော် တကယ်မြတ်နိုးပြီး လက်ထပ်ယူမှာပါ"

"ကောင်းပြီလေ၊ မင်းက ဒီလောက်တောင်ဖြစ်နေမှတော့ ငါကလည်း သမီးရှင်တစ်ယောက်အနေနဲ့ မေးရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့မေးပါ ခင်ဗျာ"

"ငါ့သမီးကို ဘာကြောင့်ချစ်ရတာလဲ"

" 'မြင်မြင်ချင်းအချစ်' တို့၊ 'အိုးချင်းထားတော့ အိုးချင်းထိ' ဆိုတဲ့ အချစ်တို့၊ အဲဒီလိုမျိုးအချစ်တွေနဲ့လည်း ကျွန်တော် ဖွဲ့ဖွဲ့နွဲ့နွဲ့မပြောတတ်ပါဘူး။ ဒါကြောင့် ဦးသမီးကို ဘာကြောင့်ချစ်တယ်ဆိုတာ ကျွန်တော့်မှာ လုံလောက်တဲ့အကြောင်းပြချက်မရှိပါဘူး ခင်ဗျာ ကျွန်တော် အရမ်းချစ်နေတာပဲ သိပါတယ်"

စကားသံတွေ တိတ်ဆိတ်သွားသည်။

ထို့နောက် ဦးလေးကြီး၏အသံ ထွက်လာ၏။

"အင်း...ဒါဆိုလည်း ငါ့သမီးကို ချစ်တဲ့ မင်းအချစ်ကို ယုံလိုက်ပါ့မယ်။ နောက်ဆုံး ငါတစ်ခုမေးချင်တယ်"

"မေးပါခင်ဗျာ၊ မေးပါ"

"ထိမ်းမြားခြင်း အမျိုးပေါင်း '၁၀' မျိုးရှိတဲ့အထဲက ငါ့သမီးကို ဘယ်လိုမျိုးနဲ့ ထိမ်းမြားမှာလဲ"

"ဟင်"

နားထောင်နေသည့် ပရိတ်သတ်များ အားလုံးစိတ်ဝင်စား သွားကြပြန်သည်။

ထိမ်းမြားခြင်းဆယ်မျိုးတဲ့...၊ ဘာပါလိမ့်။

"ဟုတ်ကဲ့...ကျွန်တော်က ဦးသမီးကို ထိမ်းမြားခြင်း





ဆယ်မျိုးထဲက တစ်မျိုးဖြစ်တဲ့ 'လက်ထပ်၍ထိမ်းမြားခြင်း' ဆိုတဲ့ဟာနဲ့ ထိမ်းမြားမှာပါ"

ခဏကြာမှ မောင်လွယ်၏အသံထွက်ပေါ်လာ၏။

"ဟုတ်ကဲ့...ဇာတ်သိမ်းခန်းမှာ ဘာဖြစ်မလဲဆိုတာကိုတော့ အပြင်ဖက်ပိတ်ကားပေါ်မှာ ဆက်လက်ရှုစားကြပါရန် ပရိတ်သတ်ကြီးအား မေတ္တာရပ်ခံပါသည်ခင်ဗျား"

လက်ခုပ်သံတွေ ဆူညံသွား၏။

ထိုစဉ် အပျိုကြီးမခင်စိန်တို့အိမ်မှ တံခါးဖွင့်သံကြားလိုက်ရသည်။ အပျိုကြီးမခင်စိန်ထွက်လာပြီးနောက် ဆရာကျော်အား -

"ကိုကိုကျော်၊ မနက်ဖြန် ရွာလည်က ကွင်းပြင်ကြီးမှာ ရှင့်ကို အဖြေပေးမယ်"

ဟု အားလုံးကြားရအောင် အော်ပြောလိုက်လေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



[၂၀]

ဤသို့ဖြင့် နောက်တစ်နေ့တွင် ဆရာကျော်အား အပျိုကြီး မခင်စိန်မှာ လူအများအလယ်တွင် 'ချစ်တယ်'ဟု အဖြေပေးခဲ့လေသည်။ ဆရာကျော် အဖြေရပြီးခဏအကြာတွင် သူတို့အားလုံး 'နောက်တစ်ပွဲ ဖျို့'ဆိုင်တွင် စုမိကြ၏။ ဆရာကျော်ကတော့ သူတို့နှင့် ပါမလာဘဲ အပျိုကြီးမခင်စိန်နှင့် နေခဲ့သည်။ ခဏနေမှလာမည်ဟု ဆိုသည်။

မောင်လွယ်နှင့် ဘိတ်သားတို့ စားပွဲဝိုင်းတစ်ခုတွင် ထိုင်ပြီး ခဏအကြာတွင် -

''မောင်လွယ်''

လူရွယ်တစ်ယောက်က မောင်လွယ့်ကို ခေါ်လိုက်၏။

''ညက အပျိုကြီးမခင်မိန်တို့ အိမ်ရှေ့က 'ရည်းစားစကား





ပြဇာတ်လေး'က သိပ်မိုက်တယ်ကွ''

''အဟီး''

ဒီလို ချီးကျူးစကားပြောရင် မောင်လွယ်မနေတတ်။

သို့သော်လည်း 'ဟာဂျာ…အစ်ကိုကြီးကလည်းဂျာ'လို့လည်း ပြန်ပြောလို့မဖြစ်…။ ထို့ကြောင့် အသာငြိမ်နေလိုက်ရ၏။

အခြားတစ်ယောက်ကလည်း မောင်လွယ်ကိုကြည့်ပြီး -

''ဒါနဲ့ နေစမ်းပါဦး။ ညကလုပ်သွားတဲ့ ပြဇာတ်ထဲမှာ မရှင်းတာလေးရှိတယ်'

ဟု မောင်လွယ်ကို မေးပြန်၏။

''ဟုတ်ကဲ့…မေးပါ၊ ရပါတယ်''

''ထိမ်းမြားခြင်း ဆယ်မျိုးဆိုတာ ဘာလဲ''

''သြော်''

မောင်လွယ်က 'သြော်'လည်း 'သြော်'၊ လက်ဖက်ရည်ကိုလည်း တစ်ငုံသောက်လိုက်၏။

မောင်လွယ်က လူတွေကို တစ်ချက်ဝေ့ကြည့်လိုက်သည်။

အားလုံးက သူ့ဘေးနားမှာ ဝိုင်းနေပြီး တစ်ခုပြီးတစ်ခုမေးနေကြသောကြောင့် ဗေဒင်ဆရာလိုလို ဘာလိုလိုဖြစ်နေသည်။

''အေး…ဟုတ်တယ်၊ ငါတို့လည်း ညတုန်းကတည်းက သိချင်နေတာ…ပြောပြပါဦး''



www.burmeseclassic.com

www.burmeseclassic.com



မောင်လွယ်ကလည်း 'အဟမ်း ···အဟမ်း'ဟု ချောင်းမဟန့်ဘဲ···ခပ်တည်တည်လုပ်ကာ···

"အစ်ကိုတို့လည်း သိပြီးသားဖြစ်မှာပါ။ မမှတ်မိလို့ဖြစ်ချင်လည်း ဖြစ်လိမ့်မယ်။ ပြန်ပြောပြမယ်ဗျာ၊ ဒီလိုဗျ···ထိမ်းမြားခြင်း(၁၀)မျိုးထဲက ပထမတစ်နည်းက 'ပုဆိုးတန်းတင်ထိမ်းမြားခြင်း'တဲ့"

"အပါ···စိတ်ဝင်စားစရာကြီး"

ဘိတ်သားက ဝင်နှောက်သည်။

ထိုစဉ် ဆရာကျော်လည်း ဆိုင်ထဲသို့ ဝင်လာပြီး မောင်လွယ်ဘေးနားတွင် ဝင်ထိုင်၏။ သူလည်းပဲ မောင်လွယ့်စကားကို နားထောင်နေလိုက်သည်။ မျက်နှာကတော့ ပျော်လာတဲ့ပုံပေါက်နေ၏။

မောင်လွယ်ကလည်း အားလုံးကြားလောက်အောင် သူ့ရဲ့ထိမ်းမြားခြင်း(၁၀)မျိုးအကြောင်းကို တစ်ဖက်ပါအတိုင်း ရှင်းပြလေ၏။

■



## ထိမ်းမြားခြင်း (၁၀)မျိုး

၁။ **'ပုဆိုးတန်းတင် ထိမ်းမြားခြင်း'** သတို့သား၊ သတို့သမီးနှစ်ဦးတို့သည် ပရိတ်သတ်အလယ်သို့မထွက်ဘဲ မိမိတို့အိမ်မှာသာ လွတ်လပ်စွာနေကြပြီး ပရိတ်သတ်များ စားသောက်ပြီး၍ပြန်သွားသောအခါမှ သတို့သမီး၏အိပ်ခန်းအတွင်းရှိကြိုးတန်း၌ သတို့သား၏ပုဆိုးလှမ်းတင်ခြင်းကိုခေါ်သည်။

၂။ **'လက်ဆုံစား ထိမ်းမြားခြင်း'** သတို့သား၊ သတို့သမီးတို့သည် ထမင်း (သို့မဟုတ်) မုန့်ပဲသွားရည်စာများကို လူကြီးမိဘများရှေ့မှောက်၌ လက်ဆုံစားခြင်းဖြစ်သည်။

၃။ **'လက်စွပ်လဲလှယ်၍ ထိမ်းမြားခြင်း'** သတို့သားဝတ်ဆင်သော လက်စွပ်ကို သတို့သမီးသို့ပေးပြီး ဝတ်ဆင်ပေးခြင်း၊ သတို့သမီးဝတ်ဆင်ထားသော လက်စွပ်ကို သတို့သားသို့



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ဝတ်ဆင်စေခြင်းကိုမည်၏။

၄။ **'အဝတ်ပေး၍ ထိမ်းမြားခြင်း'** သတို့သားက သတို့သမီး အိမ်သို့သွားသည့်အခါ သတို့သမီး၏ဆွေမျိုးများက သတို့သားအား ရေချိုးစေပြီး အဝတ်ပုဆိုးအသစ်ကို လဲလှယ်ပေးခြင်းဖြစ်သည်။

၅။ **'လက်ထပ်၍ထိမ်းမြားခြင်း'** သတို့သမီး၏ လက်ယာလက်ကိုဖြန့်စေ၍ သတို့သား၏လက်ယာလက်ကို အပေါ်မှာတင်စေပြီး ဘိသိတ်ဆရာဖြစ်စေ၊ လူကြီးလူကောင်း တစ်ဦးဦးကဖြစ်စေ ပရိသတ်အလယ်တွင် ထိမ်းမြားပေးခြင်းဖြစ်သည်။

၆။ **'ဒါလီဖွဲ့၍ ထိမ်းမြားခြင်း'** သတို့သား၊ သတို့သမီး နှစ်ဦးစလုံး၏ဦးခေါင်း ဆံ့ဝင်လောက်အောင်စွပ်ရသော ရွှေဆွဲကြိုးကို ပန်းကုံးသဖွယ်ပြုလုပ်၍ သတို့သား၊ သတို့သမီးနှစ်ဦးစလုံးအား တစ်ခါတည်း စွပ်ပေး၍ထိမ်းမြားခြင်းဖြစ်သည်။

၇။ **'စုလျားရစ်ပတ် ထိမ်းမြားခြင်း'** သတို့သမီး လွှားခြုံထားသော စုလျားတစ်ဘက် (သို့) ပုဝါကို သတို့သား၊ သတို့သမီးနှစ်ဦးက ရစ်ပတ်၍ ထိမ်းမြားခြင်းဖြစ်သည်။

၈။ **'ပန်းကုံးစွပ်၍ ထိမ်းမြားခြင်း'** သတို့သား၊ သတို့သမီး





တို့ ရှေးဦးစွာ စွပ်ထားသော ပန်းကုံးအား တစ်ဦးနှင့်တစ်ဦး လဲလှယ်၍ စွပ်ပေးခြင်းဖြစ်သည်။

၉။ **'ရေခွက်၌လက်ဆုံချ၍ ထိမ်းမြားခြင်း'** ရေထည့်ထားသော ရေခွက်၊ ရေဖလားတွင် မင်္ဂလာရှိသော အောင်သပြေပန်းများထည့်၍ သတို့သား၊ သတို့သမီးတို့၏ လက်ယာလက်များကို ချထားစေ၍ ထိမ်းမြားခြင်းဖြစ်သည်။

၁၀။ **'ဦးထိပ်၌ ရေစင်သွန်းဖျန်း၍ ထိမ်းမြားခြင်း'** ရွှေခွက်၊ ငွေခွက်၊ ဖန်ခွက် စသည်တို့၌ နဝရတ်ကိုးသွယ် နံ့သာမျိုးငါးပါးတို့ကို သွေးထည့်ပြီး သတို့သား၊ သတို့သမီးတို့၏ ဦးခေါင်းထက်မှ သပြေခက်နှင့် ဖျန်းပက်သွန်းလောင်း၍ ထိမ်း မြားခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



[၂၁]

"မင်းပြောတော့လည်း ရှင်းသွားတာပဲ မောင်လွယ်"

"အဟီး...ကျွန်တော်လည်း စာအုပ်တွေဖတ်ထားလို့ပါဗျာ"

"ဘာပဲပြောပြောလေ၊ ကောင်းတယ်ကွ"

ထိုစဉ် အားလုံးက 'ဆရာကျော်' ကို သတိပြုမိသွားပြီး...

"ဆရာကျော်...အဆင်ပြေလား"

ဟု လှမ်းမေးကြ၏။

အားလုံးက မောင်လွယ်ခေါ်သလို 'ဆရာကျော်' ဟုသာ ခေါ်ကြ၏။

ဆရာကျော်ကလည်း ရှက်သလိုလို ဘာလိုလိုဖြစ်သွားပြီး မောင်လွယ်ရယ်သလို...

"အဟီး"





ဟု အရင်ရယ်ပြ၏။ ပြီးမှ -

"ပြေတယ်...အားလုံးအဆင်ပြေတယ်"

"ဟာ...ကောင်းတာပေါ့"

ဘာရယ် ညာရယ်မဟုတ် အားလုံးပျော်သွားကြ၏။

ထိုအထဲမှ တစ်ယောက်က လက်ဖက်ရည်ခွက်ကို ကိုင်မြှောက်လိုက်ပြီး 'ချီယားစ်' ဟု စလိုက်ရာ၊ ကျန်တဲ့လူများအားလုံးကလည်း လိုက်ပြီး 'ချီယားစ်' ကြ၏။

"ဆရာကျော်၏ချစ်ခြင်းအတွက်"

ဟု ဆိုကြပြန်၏။

ထို့နောက် ပျော်ပျော်ပါးပါးဖြစ်သွားကာ စကားများ အော်ဟစ်ကာ ပြောကြ၏။

ထိုစဉ် လူငယ်တစ်ယောက်က မောင်လွယ်အား အကူအညီ တစ်ခုလှမ်းတောင်း၏။

ထိုအကူအညီသည် အနည်းငယ် အူကြောင်ကြောင်နိုင်သော၊ လှပသည့်မိန်းမပျိုတစ်ဦးနှင့် ပတ်သက်နေကြောင်း နောက်မှသိရသည်။

■

www.burmeseclassic.com



[၂၂]

"မောင်လွှယ်"

"ဟုတ်ကဲ့"

"ငါ့ကို တစ်ခုလောက်ကူညီပါလား"

"ပြောလေ...ရပါတယ်"

အားလုံးကငြိမ်သွားကြပြီး သူတို့နှစ်ဦးစကားများကို နားထောင်လိုက်ကြပြန်သည်။

"ငါ့နာမည်က 'ဆားရေစိန်'ပါ"

"ဟာ...နာမည်က မိုက်လှချည်လား"

"ဒါ...ငါ့နာမည်အရင်း မဟုတ်ပါဘူး။ ရွာကခေါ်တဲ့နာမည်ပါ။ ဒီရွာမှာက ငါ့နာမည်အရင်းကို ဘယ်သူမှမသိကြတော့ဘူး"

"နာမည်အရင်းက ဘာလဲ"





"စိန်မြင့်ဘောင်း"

"ဪ"

"ငါက အရင်တုန်းက ဒညင်းသီးဆားရေစိမ်ရောင်းတယ်။ ဒါကြောင့် ငါ့နာမည်နဲ့ ငါလုပ်တဲ့အလုပ်ကိုတွဲပြီး ဆားရေစိန် ... ဆားရေစိန်ခေါ်ရင်းကနေ နာမည်တွင်သွားတာပဲကွာ"

"နာမည်လေးက လှသားပဲ"

မောင်လွှယ့်စကားကြောင့် အားလုံးပြုံးစိစိဖြစ်သွားကြသည်။

"အင်း...ပြောပါဦး၊ ကျွန်တော်က ဘာကူညီရမှာလဲ"

"ဟို..."

ပြောမလို့လုပ်လိုက်၊ သူ့ကိုဝိုင်းကြည့်နေသော ရွာသားများကိုကြည့်လိုက်နှင့် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသည်။

"ပြောပါ...ကိုဆားရေစိန်ရဲ့"

"အေး...ပြောပါ့မယ်။ ငါ...ငါ့ကိုလည်း ဆရာကျော်လို ကူညီပေးပါလားလို့"

"ဪ...ရပါတယ်။ ဘယ်လို ကူညီပေးရမှာလဲ။ ဘယ်ကောင်မလေးကို 'ကိုဆားရေစိန်'က ကြိုက်လို့လဲ"

"မေစန္ဒာ"

ရွာသူရွာသားအားလုံးက 'ဆားရေစိန်'ကို အလန့်တကြား

www.burmeseclassic.com



ကြည့်လိုက်ကြသည်။

ခေါင်းခါ၏။ ထို့နောက် သက်ပြင်းချသူချ၏။

မောင်လွယ်ကလည်း သူတို့ဖြစ်ပျက်နေပုံကြည့်ပြီး ဘာပြော လို့ ပြောရမှန်း မသိပင်ဖြစ်သွားသည်။ ထို့ကြောင့် ...

"ဘာ...ဘာဖြစ်လို့လဲဗျ"

ဟု မေးလိုက်ရသည်။

တစ်ယောက်က ပြော၏။

"ဘာဖြစ်ရမှာလဲ... ဒီကောင်ကြိုက်တဲ့ ကောင်မလေးက ဒီရွာမှာ အလှဆုံး၊ အချောဆုံး၊ အချမ်းသာဆုံး၊ မာနအကြီးဆုံး၊ သူ့ ကိုကြိုက်ရင် လိုက်နာရမယ့် စည်းကမ်းတွေအများဆုံး စတဲ့ 'ဆုံး' ပေါင်းများစွာရှိတဲ့ ကောင်မလေးတစ်ယောက်မို့လို့ပါ"

"ဟင် ...အဲဒီလောက်တောင်ပဲလား"

"ဒီတော့ ဒီလိုကောင်မျိုးနဲ့ အဲဒီလို လှပတဲ့ ကောင်မလေး မျိုးကို ဘယ်လိုလုပ် အဆက်အစပ်လုပ်ရမလဲ၊ မဖြစ်နိုင်တာ"

ထိုလူ့စကားကြောင့် 'ဆားရေစိမ်'မှာ ခေါင်းငိုက်စိုက်ကျ သွားသည်။

ထို့နောက် ထိုလူကပဲ ဆက်ပြောသည်။

"ပြီးတော့ အဲဒီကောင်မလေးကို ချမ်းသာတဲ့လူတွေရဲ့ သားတွေ၊ ယောကျ်ားလေး ခပ်ချောချောတွေက လိုက်ဖူးပြီးကြပြီ





ဒါပေမဲ့ တစ်ယောက်မှ မရဘူးကွ"

"ဪ"

မောင်လွယ်သည် ထိုကောင်မလေးကို စိတ်ဝင်စားသွားသည်။ သူတို့ပြောသလောက် အဲဒီကောင်မလေးက လှပပြီး၊ ခက်ခဲ သလား။ ထို့ကြောင့် သူ့ဆုံးဖြတ်ချက်တစ်ခုချလိုက်ပြီး

"ဘာပဲပြောပြောလေ။ ကိုဆားရေစိမ်ကို တတ်နိုင်သလောက် ကူညီပါ့မယ်။ မရရင်တော့လည်း ကိုဆားရေစိမ်ကံပဲလေ"

"ဟာ...ရတယ်၊ ဘာပဲဖြစ်ဖြစ်ကွာ၊ ကျေး...ကျေးဇူးပဲ မောင်လွယ်"

"အဲဒီကောင်မလေး ဘယ်လိုအကြောင်းကြောင်းနိုင်တာလဲ။ သူ့စည်းကမ်းတွေက ဘာတွေလဲဆိုတာ ပြောပြဦးလေ"

"ဪ...အေး၊ မေ့နေလို့။ ဒီလိုကွ...ငါ တစ်ခုပဲပြော ပြမယ်ကွာ။ အဲဒါဆို သူ့တို့မိသားစုရဲ့ ဆန်းတာတွေရော၊ စိတ်ကူးယဉ် ဆန်တာတွေရော သိလိမ့်မယ်"

"အင်း...ပြောပါဦး"

"မင်း...သူတို့အိမ်ကိုသွားရင် သူ့အဖေကိုယ်တိုင်ရေးထား တဲ့ ဆိုင်းဘုတ်တစ်ခုကို တွေ့လိမ့်မယ်"

"စိတ်ဝင်စားစရာပဲ၊ ဘာတွေရေးထားတာလဲ"

"သူ့သမီးကိုချစ်ရင် လိုက်နာရမယ့် စည်းကမ်းပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

တော်တော်အူကြောင်ကြောင်နိုင်သော လုပ်ရပ်ဖြစ်သော်လည်း မောင်လွယ် စိတ်ဝင်စားသွားသည်။

သူကလည်း ဒီလိုခပ်ဆန်းဆန်းလေးတွေမှ စိတ်ဝင်စားတာ မှတ်လား။

ဆားရေစိန်ကလည်း ဆိုင်းဘုတ်ပါ အချက်များအား အသေး စိတ်ရှုတ်ပြသည်။

ဘယ်လောက်တောင် အလွတ်ကျက်ထားသည်မသိ…။ အထစ်အငေါ့မရှိ ရွတ်ပြနိုင်သည်။ ဆားရေစိန် ပြောပြသော မေစန္ဒာ၏ အိမ်ရှေ့မှ ဆိုင်းဘုတ်ပါအချက်များမှာ တစ်ဖက်ပါအတိုင်းဖြစ်ပါ သည်။





၁။ မေစန္ဒာအား ချစ်မိသူသည် -

(က) လူတိုင်းနေ့စဉ်လုပ်နေကျ အလုပ်သုံးခုလုပ်နိုင်သူ။

(ခ) မိန်းကလေးတို့အကြိုက် စကားများအား မသိမသာ ပြောတတ်သူ။

(ဂ) မိမိအချစ်အား လူအများသိအောင်ကြေငြာတတ်သူ ဖြစ်ရမည်။

၂။ အထက်ပါကိစ္စသုံးခုအား ပြုလုပ်နိုင်သူဟု မေစန္ဒာအပြင် တစ်ရွာလုံးက လက်ခံပါက ၄င်းသည် မေစန္ဒာထံတွင် အဖြေလာရောက်တောင်းယူနိုင်ပါသည်။ သို့သော် အတွင်း (၃၇)မင်း၊ အပြင်(၃၇)မင်းနဲ့ပေါင်း၍ ၄င်းနှင့်အတူ အဖြေ လာရောက်တောင်းယူရမည်။

၃။ ထိုသို့လာရောက်တောင်းဆိုနိုင်သော သူကိုသာ လက်ထပ် မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



[၂၃]

သူရယ်ချင်သွားသည်။ အားလုံးသည် နောက်ထားတာလား ဟုပင် သံသယရှိလာသည်။

ထို့ကြောင့်…

"နောက်ထားတာလားဟင်"

ဟုပင် အားလုံးကို မေးလိုက်မိသည်။

အားလုံးကလည်း တညီတညွတ်တည်းပင်။

"မဟုတ်ဘူး"

ဟု ပြန်ပြောကြ၏။

တစ်ယောက်က ဝင်ပြော၏။

"မေစန္ဒာ တော်တယ်လို့ပဲ ပြောရမလားမသိဘူး။ သူ့ကို သူပြောထားတဲ့ပုံစံအတိုင်း လိုက်ဖူးတဲ့လူတွေရှိကြပါတယ်။ ဒါပေမဲ့





ဘယ်သူမှ အဆင်မပြေဘူး။ ပြောရရင် မေစန္ဒာအပါအဝင် အားလုံးက လက်မခံကြဘူးပေါ့"

"ဘယ်လို လက်မခံကြတာလဲ"

"မေစန္ဒာ သဘောကျလက်ခံအောင် ဘယ်သူမှ မလုပ်နိုင်ကြဘူးလေ"

"သြော်…ဒါမှမဟုတ်၊ သူ့ကို လူတွေသတိပြုအောင်လုပ်ထားတာရော မဖြစ်နိုင်ဘူးလား"

"ဒါလည်း မဖြစ်နိုင်ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ သူက နဂိုကတည်းက အရမ်းလှတော့ ဒီရွာတင်မဟုတ်ဘူး အခြားရွာမှာပါ အရမ်း ကျော်ကြားတယ်၊ အဲ…ပြောရဦးမယ်"

"ပြောပါဦး၊ တော်တော်လေး စိတ်ဝင်စားဖို့ကောင်းလာပြီ"

"အရင်တုန်းက အဲဒီလိုတင်ထားတဲ့ ဆိုင်းဘုတ်မရှိဘူးဗျ။ နောက်တော့ သူ့ကိုလိုက်တဲ့ လူများလာတဲ့အခါမှာ သူ့အမေနဲ့ သူနဲ့ တိုင်ပင်ပြီး အဲဒီလို ဆိုင်းဘုတ်တင်လိုက်တာပဲဗျ။ အင်းလေ…ဒါက လည်း ချစ်သူရွာရဲ့ထုံးစံဖြစ်နေတော့ ဘာမှ အထွေအထူးပြောစရာ မရှိဘူး ဖြစ်နေတယ်"

"သူ့ကိုလိုက်တဲ့လူများလာတော့လည်း ကန့်သတ်လိုက်တာ ဖြစ်မှာပေါ့"

"ဟုတ်တယ်…ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က မောင်လွှယ်ရဲ့စကားကို ဝင်ထောက်ခံသည်။

ဤတွင် ဆားရေစိန်က မောင်လွှယ်အားကြည့်ပြီး -

''အဲ...အဲဒါ၊ ကူညီမှာလား မောင်လွှယ်''

ဟု မေးလိုက်လေ၏။

မောင်လွှယ်က သူ့ကို မကူညီမှာစိုးရိမ်နေပုံပေါ်သည်။ အားလုံးကလည်း မောင်လွှယ် ဘာပြောမလဲဟု သိချင်ကြ၏။

မောင်လွှယ်က အားလုံးကိုကြည့်လိုက်ပြီး ခေါင်းညိတ်ပြလိုက်၏။ အတိုင်းအတာတစ်ခုအထိ စဉ်းစားပြီး ကူညီမည်ဟုလည်း တွေးလိုက်မိသည်။

■



'ဝလုံး'ကို ဘယ်သူပဲရေးရေး
'သဝေထိုး'ပါမှ
'ဝေ'ဖြစ်တာပါ။
ငါ့ကို ဘယ်သူပဲ မုန်းမုန်း
နင့်အမုန်းပါမှ
ငါ့အရှုံးဖြစ်တာပါ...။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မောင်လွယ်ကူညီမည့်ကိစ္စသည် တစ်ရွာလုံးသို့ ပျံ့နှံ့သွား၏။

ရွာ၏ရေပန်းအစားဆုံးသတင်းလည်း ဖြစ်သွားသည်။

လူတိုင်း၏အတွေးများထဲတွင် 'ဖြစ်၏' 'မဖြစ်၏' ထက်စာလျှင် မောင်လွယ် 'ဘာလုပ်မည်လဲ' ဆိုတာကိုပဲ စိတ်ဝင်စားနေကြသည်။

ဤသို့ဖြင့် ...

နောက်ဆုံးတွင် ...

ထိုသတင်းသည် မေစန္ဒာတို့ အိမ်သို့ရောက်သွားလေ၏။





[၂၄]

''စန္ဒာ''

''ပြောလေ နွေးနွေး''

မေစန္ဒာက သူ့သူငယ်ချင်းနွေးနွေးဘက်သို့လှည့်ကာ မေးလိုက်သည်။

သူ့အိမ်တွင် သူမနှင့် သူ့သူငယ်ချင်းနွေးနွေး နှစ်ယောက်တည်းသာရှိသည်။ အဖေနှင့် အမေမှာ ရွာထဲသို့ခဏထွက်သွား၏။

''ဟို...မောင်လွယ် ကိစ္စသိပြီးပြီလား မေးမလို့''

''အင်း...သိတော့ သိပြီးပြီ''

''သူက တော်တယ်လို့ ပြောတယ်နော်''

''ဟုတ်လား''

''ဟုတ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုပြီး ရွာ၌ မောင်လွယ်လုပ်ခဲ့သောကိစ္စ တော်တော်များများအား နွေးနွေးက ပြန်ပြောပြ၏။

တချို့ကိစ္စတွေက မေစန္ဒာသိပြီး၊ တချို့တွေကိုတော့ မေစန္ဒာ မသိချေ။

"နွေးနွေး"

"အင်း…ဘာလဲ"

"ငါ…ကိုဆားရေစိန်ကို မကြိုက်ဘူး"

"ဒါဆိုလည်း ငြင်းလိုက်ပေါ့"

"အဲဒီလိုလည်း မဟုတ်သေးဘူးဟ"

"ဒါဆို ဘာလဲ"

"ငါ အဲဒီ မောင်လွယ်ဆိုတဲ့ လူရဲ့အကြောင်းကို စိတ်ဝင်စားတယ်"

"ဒီတော့…"

နွေးနွေးက မေစန္ဒာကို ထူးထူးဆန်းဆန်းနဲ့ စိုက်ကြည့်သည်။

"ငါ ဒီလိုလုပ်ဖို့စိတ်ကူးထားတယ် နွေးနွေး"

"အင်း…ပြောပါဦး"

"သူက ကိုဆားရေစိန်ကို ကူညီမယ်၊ အဲဒါကိုတော့ လက်ခံတယ်။ ဒါပေမဲ့ ကိုဆားရေစိန်အစား သူက ကိုယ်တိုင်လုပ်ပေးမှ လက်ခံမယ်လို့"





"ဘယ်လို ငါနားမလည်ဘူး"

"ဒီလိုလေ…ကိုဆားရေစိန်ကို သူက ကူညီမယ်ဆိုတော့ ကိုဆားရေစိန်ပြောရမယ့် စကားတွေ၊ လုပ်ရမယ့်ကိစ္စတွေကို သူက နောက်ကနေ အကြံဉာဏ်ပေးလိမ့်မယ်ဟာ။ ဒီတော့ ငါက ကိုဆားရေစိန်နဲ့ စကားပြောရတော့မယ်။ အဲဒီတော့ ငါက သူနဲ့ စကားမပြောချင်ဘူး"

"ဒီတော့…"

"ဒီတော့… မောင်လွယ်က ငါ့ကို ဆားရေစိန်ကိုယ်စား လူအများရှေ့မှာ ရည်းစားစကားပြောရမယ်"

"ဟင်"

"အကယ်၍များ ငါက သူ့ကိုစိတ်ဝင်စားချစ်ခဲ့မယ်ဆိုရင် ကိုဆားရေစိန်ကို ငါကချစ်သလိုပဲလို့ ငါကသဘောထားပြီး လက်ခံမယ်"

"နားမလည်ဘူးဟဲ့"

"ဒီလိုလေ…ငါက မောင်လွယ်ကိုချစ်တယ်၊ ချစ်မိသွားအောင် သူကပြောဆိုပြုမူနိုင်တယ်။ ငါချမှတ်ထားတဲ့ စည်းကမ်းတွေလည်း သူကိုယ်တိုင်လုပ်နိုင်မယ်ဆိုရင် ငါ ကိုဆားရေစိန်ကို ပြန်ချစ်မယ်"

"ဟယ်…ဖြစ်ပါ့မလား"

www.burmeseclassic.com



"ဖြစ်ပါတယ်...ရင်ခုန်စရာတစ်ခုပေါ့"

နွေးနွေးက မေစန္ဒာကိုကြည့်ပြီး ခေါင်းခါယမ်းသည်။

ကိစ္စသည် ရှုပ်ထွေးလာသည်ဟု ထင်မိသည်။

■



ဤသို့ဖြင့် ထိုအကြောင်းအရာလေးသည်

ချစ်သူရွာလေး၌

လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းသော

အကြောင်းအရာလေးတစ်ခု

ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



[၂၅]

ဒီနေ့ကြားခဲ့ရသော သတင်းကြောင့် သူခေါင်းတို့ ရှုပ်ထွေးသွားရသည်။ ထိုမေစန္ဒာဆိုတဲ့ ကောင်မလေးကိုလည်း မမြင်ဘူး မတွေ့ဘူးပဲနဲ့ ဘယ်လိုများ ရည်းစားစကားတွေ၊ သူပြောတဲ့ကိစ္စတွေကို ဘယ်လို ဖီလင်နဲ့ ပြောရ လုပ်ရမလဲ။

သူ ကူညီမည်ဟု ပြောခဲ့သော ဆားရေစိန်ကလည်း သူ့ကို ကူညီပါဟုသာ အတင်းပြောနေသည်။

သူဘယ်လိုလုပ်ရမလဲ။

သူလည်း စိတ်ညစ်ညစ်နှင့် လက်ဖက်ရည်ဆိုင်မှ သူကြီးအိမ်သို့ အပြန်လမ်းတစ်လျှောက် တွေးတောလာခဲ့သည်။

သူကြီးအိမ်သို့ရောက်သောအခါ ပန်းရော်ဖက်ဆားအား ခြံ... တွင် တစ်ယောက်တည်းထိုင်နေသည်ကို တွေ့ရ၏။ မှတ်စုရေးနေပြ...





ဖြစ်ပုံရသည်။

"မောင်လွယ်"

သူ ဝင်လာသည်ကိုမြင်သော ပန်းရော်ဖက်ဆာက လှမ်းခေါ်၏။

သူလည်း ခေါင်းငိုက်စိုက် ငိုက်စိုက်နှင့် ပန်းရော်ဖက်ဆာနားသို့ ရောက်သွားသည်။

"မောင်လွယ်"

"ဗျာ ...ဆရာကြီး"

"မင်းနဲ့ငါ စကားတောင် သေချာမပြောဖြစ်သေးဘူး၊ လာ ထိုင်ပါဦးကွ"

"ဟုတ်ကဲ့"

ပန်းရော်ဖက်ဆာအနားတွင် ဝင်ထိုင်လိုက်သည်။

"အခုတလော မင်းနဲ့ ဆရာကျော်ရဲ့ သတင်းတွေကြားနေရ တယ်"

သူ ဘာမှပြန်မပြောဘဲ ငြိမ်နားထောင်နေလိုက်သည်။

"ဘာပဲပြောပြော၊ ရောက်တဲ့နေရာတိုင်းမှာ ခင်ခင်မင်မင် ပျော်ပျော်ရွှင်ရွှင်နေတာ ကောင်းပါတယ် မောင်လွယ်"

"ဟုတ်ကဲ့ ဆရာကြီး"

"ငါတို့လည်း ဒီမှာရောက်နေတာကြာပြီ။ နောက်ရက်အနည်း...



www.burmeseclassic.com

www.burmeseclassic.com



ငယ်နေပြီးရင် ပြန်ကြတာပေါ့''

မောင်လွယ် ဘာမှပြန်မပြောမိ၊ ခေါင်းသာညိတ်ပြလိုက်သည်။

''ဩော်...ဒါနဲ့ မင်းကိုမေးရဦးမယ်''

''မေးပါ ဆရာကြီး''

''မင်းသတင်းတွေကြားရတဲ့အထဲက ငါမရှင်းတာလေးတစ်ခု ရှိတယ်''

''ဟုတ်ကဲ့''

''ဒီရွာမှာရှိတဲ့ အဘိုးကြီးတစ်ယောက်ရဲ့သားကို လယ် အားလုံးအငှားရတဲ့လူဖြစ်ရုံမက၊ တစ်ဖက်ရွာရဲ့ ရွာမျက်နှာဖုံး ဦးတိုး ကြွယ်ရဲ့သမီးနဲ့ရအောင်လုပ်ပေးတယ်ဆို။ အဲဒါ ရွာသားတွေက မင်းဘယ်လိုလုပ်ခဲ့တယ်ဆိုတာကိုလည်း မသိဘူးဖြစ်နေတယ် မှတ်လား။ အဲဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောပြချင်နေပါ။ ငါတော့ သိချင်တယ် မင်းဘယ်လို လုပ်ခိုင်းလိုက်တာလဲ မောင်လွယ်''

မောင်လွယ်က ပရော်ဖက်ဆာအား သေချာကြည့်လိုက် ပြီး -

''ဆရာကြီး ဘယ်သူမှပြန်မပြောပြရင် ကျွန်တော်ပြောပြပါ့ မယ်''

''အေးပါကွ၊ ငါမပြောပြပါဘူး''

''ကျွန်တော် သီအိုရီတစ်ခုကို သုံးခဲ့တာပါ ဆရာကြီး''





''ဟေ''

ပရော်ဖက်ဆာမှာ မောင်လွယ်အား အံ့သြသည့် အကြည့်ဖြင့် ကြည့်မိလိုက်၏။

■



www.burmeseclassic.com

www.burmeseclassic.com



'နောက်တစ်ပွဲဖို့' ထမင်းဆိုင်တွင် မောင်လွယ်နှင့် တွေ့ပြီး နောက် အဘိုးအိုတစ်ဦးသည် အိမ်သို့ ပြန်ရောက်သောအခါတွင် သူ၏ သားအားပြောလိုက်၏။

"သား…မင်း ငါသဘောတူတဲ့ကောင်မလေးနဲ့ ယူရမယ်"

အဘိုးအို၏သားက စိတ်ပျက်လက်ပျက်ဖြစ်သွားပြီး -

"ဟာ…သားမိန်းမ,မယူချင်သေးပါဘူး အဖေရယ်"

"တစ်ဖက်ရွာမျက်နှာဖုံး ဦးတိုးကြွယ်ရဲ့သမီးနဲ့ဆိုရင် ရောကွာ"

"ဟင်…ဦးတိုးကြွယ်ရဲသမီးနဲ့လား။ ဒါဆိုသား ယူမှာပေါ့"

ဟုဆိုကာ သဘောတူလိုက်၏။

●





ထို့နောက် အဘိုးအိုသည် ဦးတိုးကြွယ်အိမ်သို့သွားပြီး ဦးတိုးကြွယ်အား -

"ဦးတိုးကြွယ်"

"ဘာကိစ္စလဲ"

"ခင်ဗျား သမီးနဲ့ ကျုပ်သား ပေးစားပါလား"

"ဟာ …ဘာဖြစ်လို့ ပေးစားရမှာလဲ"

အဘိုးအိုက ဦးတိုးကြွယ်မျက်နှာအား စေ့စေ့ကြည့်လိုက်ပြီး -

"ကျုပ်သားက မြောက်ဘက်ရွာက မြေပိုင်ရှင်ကြီးဆီမှာ လယ်အားလုံးအငှားရထားတဲ့လူဆိုရင်ရောဗျာ"

ဦးတိုးကြွယ်မှာ တစ်ချက်တွေသွား၏။

"သေချာလို့လား"

"သေချာပါတယ်ဗျ"

"အင်းလေ…ခင်ဗျားသားဟာ မြောက်ဘက်ရွာက မြေပိုင်ရှင်ကြီးဆီမှာ လယ်အားလုံးအငှားရတဲ့သူဆိုရင်တော့ ကျုပ်သမီးနဲ့ ပေးစားမယ်"

ဟု ဆိုပြီး သဘောတူလိုက်လေ၏။

●



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် အဘိုးအိုသည် မြောက်ဘက်ရွာရှိ မြေပိုင်ရှင်ကြီး အိမ်သို့ ရောက်သွား၏။

''ဘာကိစ္စလဲ''

မြေပိုင်ရှင်ကြီးက မေး၏။

''ကျုပ်ရဲ့သားကို လယ်အားလုံး အငှားပေးစေလိုပါတယ်''

''ဟာ...မပေးနိုင်ပါဘူး''

''စဉ်းစားပါဦးဗျာ။ ကျုပ်ရဲ့သားက ဦးတိုးကြွယ်ရဲ့သမက် ဖြစ် တော့မှာပါ''

မြေပိုင်ရှင်ကြီးလည်း တွေဝေသွားပြန်၏။

''ဒီလိုဆိုလည်း စောစောကပြောရောပေါ့။ ခင်ဗျားသားကိုပဲ လယ်အားလုံးအငှားပေးလိုက်မယ်ဗျာ''

ဟု ဆိုပြီး မြေပိုင်ရှင်ကြီးကလည်း သဘောတူလိုက်ပြန်၏။

●

ထို့နောက် အဘိုးအို၏သားသည် လယ်အားလုံးအငှားရသူ ဖြစ်သွားပြီး ဦးတိုးကြွယ်၏သမီးနှင့်လည်း လက်ထပ်ခွင့်ရသွားလေ၏။

■

အိပ်မက်အသစ်



[၂၆]

''ငါတော့ မင်းကိုလိုက်မမီတော့ဘူး ...မောင်လွယ်''

ပရောက်ဖက်ဆာက မောင်လွယ်အား ချီးကျူး၏။

''ဒါနဲ့ အဘိုးကြီးနာမည်က ဘယ်လိုခေါ်လဲ''

''ဦးဘသိန်းပါ ဆရာကြီး''

''အေး အေး...ငါလည်း အဲဒီအဖြစ်အပျက်လေးကို မှတ် တမ်းတင်ဦးမှပဲ။ ကဲ...မင်းလည်း သွားနားတော့''

''ဟုတ်...ဟုတ်ကဲ့''

ဟုဆိုပြီး မောင်လွယ်မှာ အိမ်ထဲသို့ ဝင်လိုက်၏။

သူစဉ်းစားစရာ ရှိသေးသည်။

မည်သို့ဆိုသော် မနက်ဖြန်တွင် မေစန္ဒာအား ရည်းစားစကား ပြောစရာရှိသောကြောင့်ဖြစ်သည်။

■

အိပ်မက်အသစ်

www.burmeseclassic.com

www.burmeseclassic.com



[၂၇]

ဆားရေစိန်ကိုယ်စား မောင်လွယ်က ရည်းစားစကားပြော ရမည်ဆိုသော ကိစ္စသည် ထုံးစံအတိုင်း တစ်ဆင့်စကားတစ်ဆင့်ဖြင့် တစ်ရွာလုံးသို့ ပျံ့နှံ့သွားသည်။

"အင်း…အခြေအနေကတော့ စိတ်ဝင်စားစရာကောင်း နေပြီ"

သမ်းလျှောက်နေသော လူငယ်လေးနှစ်ယောက်အနက်မှ တစ်ယောက်က ပြောသည်။

မောင်လွယ်၊ မေစန္ဒာနှင့် ဆားရည်စိန်တို့ကိစ္စအား ပြောနေကြခြင်းဖြစ်သည်။ လူငယ်တွေဖြစ်သောကြောင့် ရွာ၏အချောအလှဆုံး ကောင်မလေး၏ကိစ္စအား စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

"မေစန္ဒာက ဘာစိတ်ကူးပေါက်ပြီး မောင်လွယ်ကို ဆားရည်





စိန်ကိုယ်စား ရည်းစားစကားပြောခိုင်းရတာလဲ"

"မသိဘူးလေ…စတန့်ထွင်တာလည်း ဖြစ်ရင်ဖြစ်မှာ ပေါ့"

"ဘာပဲပြောပြော ငါကတော့ ဆားရေစိန်နဲ့ မေစန္ဒာကို သဘောမတူဘူးကွာ"

"မင်းကလည်း မနာလိုဖြစ်နေပြန်ပြီ"

လူငယ်နှစ်ယောက်မှာ စကားဆက်မပြောကြတော့…။

သူတို့စိတ်ထဲမှာ ဆားရည်စိန်ကို မနာလိုဖြစ်နေပုံရသည်။

မောင်လွယ်ကူညီလျှင် ဆားရည်စိန်နှင့် မေစန္ဒာတို့ ကြိုက်သွားကြလိမ့်မည်ဟုလည်း ယုံကြည်နေပုံရသည်။

ထို့ကြောင့်လည်း စကားဆက်မပြောတော့ဘဲ နှုတ်ဆက်ကာ ခရီးဆက်ကြလေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



[၂၈]

သူ့ရင်တွေ ခုန်နေသည်ဆိုတာကိုတော့ အနည်းငယ်ဝန်ခံရမည်။

ဘာပုံစံမှန်း မသိသော ကောင်မလေး။ ယနေ့မှ သူ့ပုံစံမြင်ရမည်ဖြစ်သောကြောင့် ရင်ခုန်ခြင်းလည်း ဖြစ်နိုင်ပါသည်။

ထိုသို့ တွေးရင်းနှင့်ပင် အိမ်ပေါ်မှ ဆင်းလိုက်သည်။

ခြံထဲမှာထိုင်နေသော ပရော်ဖက်ဆာကို တွေ့လိုက်သောအခါတွင် -

"ဆရာကြီး ...ကျွန်တော်အပြင်ခဏသွားလိုက်ပါဦးမယ်"

ဟု နှုတ်တောင်းလိုက်သည်။

ဆရာကြီးသည် ဘယ်ခရီးသွားသွား ခရီးသွားမှတ်တမ်းရေးလေ့ရှိသည်။ အခုလည်း ခြံထဲတွင်ထိုင်ကာ ခရီးသွားမှတ်တမ်း အကြမ်း





ရေးနေခြင်းဖြစ်သည်။

အခုတလော ဆရာကြီးကို သိပ်မကူညီဖြစ်သည်ကို တွေးပြီး စိတ်မကောင်းလည်း ဖြစ်သွားသည်။

"အေး...သွားလေ၊ ပြန်လာရင် ဟိုကစ်နေ့က ရေးထားတဲ့ စာတွေ အချောပြန်ကူးပေးဦးနော်"

"ဟုတ်ကဲ့ပါ"

သူခြံထဲမှ လှမ်းထွက်လိုက်သည်။

"မောင်လွယ်"

ခေါ်သံတစ်ခုကြားလိုက်ရသည်။ သူလှည့်ကြည့်လိုက်တော့ ဆရာကျော်ဖြစ်နေသည်။

"ဆရာကျော်"

"အေး...ခဏနေဦး"

"ဘာဖြစ်လို့လဲ"

"ငါလည်း မင်းနဲ့အတူလိုက်မလို့"

"ဩော်"

ဤသို့ဖြင့် နောက်တစ်ပွဲဖို့ ဆိုင်သို့ နှစ်ယောက်သားချီတက်လာခဲ့ကြသည်။

ဆိုင်ရောက်တော့ လူငယ်တော်တော်များများ ရောက်နေတာ တွေ့လိုက်ရသည်။ ဘိတ်သား...၊ လှမျိုးကြီးကိုတင်ညွန့်...၊



www.burmeseclassic.com

www.burmeseclassic.com



တန်းရည်ဆိုင်မှာ လမ်းညွှန်လိုက်သော ကိုတူး။ ပြီးတော့ ကာယကံရှင် ဆားရေစိမ်။

ဒီနေ့တွင် မေစန္ဒာကို မောင်လွယ်က ရည်းစားစကားပြော မည်ဆိုတာကို အားလုံးက သိထားကြသောကြောင့် စိတ်ဝင်စား၍ ရောက်နေကြခြင်းဖြစ်သည်။

မောင်လွယ် ဝင်လာတော့…။

"လာ…မောင်လွယ်၊ ဒီကိုလာ"

ဟု ဝိုင်းခေါ်ကြ၏။

မောင်လွယ်က ဘိတ်သားတို့ခုံတွင် ဝင်ထိုင်လိုက်သည်။

"ဘိတ်သား"

"ဗျာ…ပြော၊ ကိုမောင်လွယ်"

"ဒီနေ့ သူဘယ်ကိုသွားမယ်လို့ သတင်းရထားလဲ"

"အင်း…သတင်းအရတော့ (သို့) သူတို့ ပုံမှန်လုပ်နေကျ ကတော့ သူ့သူငယ်ချင်းနဲ့ ဈေးတွေ ဘာတွေဝယ်ပြီးရင် ဒီဆိုင်မှာ တစ်ခုခုသောက်လိမ့်မယ်"

"ဪ"

မောင်လွယ် တွေဝေသွားသည်။ မထင်ထားသော နေရာဖြစ် သည်။

သူထင်ထားသည်က လမ်း၏တစ်နေရာဖြစ်ကောင်း ဖြစ်နိုင်





သည်။ ဒါမှမဟုတ် နှစ်ယောက်သား အေးအေးဆေးဆေးရှိနိုင်သော နေရာ။

အခုတော့ အဲဒီလိုမဟုတ်၊ လူတွေအများကြီးရှိသော ရွာ၏ တစ်ခုတည်းသော ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်ဟုဆို နိုင်သော နောက်တစ်ပွဲဗျို့ဆိုင်တွင် ရည်းစားစကားပြောရပေတော့မည်။

မတတ်နိုင်တော့…။

အားလုံးဝိုင်းကြည့်နေသော်လည်း မေစန္ဒာကို ရည်းစား စကားပြောရတော့မည်။

ဆားရေစိမ်ကို လှမ်းကြည့်လိုက်သည်။

သူလည်း ရင်ခုန်နေပုံရသည်။

ဆိုင်၏ဝင်ပေါက်ကိုကြည့်လိုက်…။ လက်ဖက်ရည်တစ်ငုံ သောက်လိုက်နှင့် စိတ်လှုပ်ရှားနေ၏။

"လာတော့မယ် ကိုမောင်လွယ်"

ဘိတ်သားက သူ့ကို လှမ်းသတိပေးသည်။

မောင်လွယ်သည် တစ်ဆိုင်လုံးကို အကြည့်တစ်ချက်ဖြင့် ဝေ့ ကြည့်လိုက်သည်။

အားလုံး၏မျက်ဝန်းများသည် ဆိုင်ပေါက်ဝသို့ရောက်နေကြ သည်ဟု ထင်မိသည်။

သူခေါင်းခါလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို မေစန္ဒာဆိုတဲ့ ကောင်မလေးကို ဘာကြောင့် ဒီကလူတွေ စိတ်ဝင်စားနေကြတာလဲ။ သူတို့ ပြောသလောက် အရမ်းချောသလား။

လှလား…။

စွဲဆောင်မှုရော…။

အတွေးထဲမှာ မေးခွန်းပေါင်းများစွာဖြင့် ရှုပ်ထွေးသွားသည်

''ဟော…လာပြီ''

အပေါက်ဝကို ကြည့်နေတဲ့လူများထဲမှ တစ်ယောက်က အော်ပြောလိုက်သည်။

မောင်လွယ်၏ အကြည့်များသည်လည်း ဆိုင်ပေါက်ဝသို့ ရောက် သွား၏။

''ဟင်''

သူ အံ့သြသွားသည်။

■



ငါ့မှာ
ဟိုးအဝေးကလာခဲ့ရတာပါ
မင်းအနမ်းအတွက်
ဆူးလမ်းတွေ
ကျော်ခဲ့ရတာမို့
အချစ်ရယ်
ကမ်းလင့်တဲ့လက်နဲ့
ကြိုစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## [၂၉]

ဆိုင်လေးတစ်ဆိုင်အတွင်း လူများအားလုံး ငြိမ်သက်နေကြသည်။

သူတို့အားလုံး၏မျက်ဝန်းများသည် ဝိုင်းတစ်ဝိုင်းထံ၌ စုပုံနေပြီး တချို့က အခြား ဝိုင်းသို့ကြည့်လိုက် ထိုဝိုင်းကိုပြန်ကြည့်လိုက် လုပ်နေကြသည်။

ထိုစဉ် ဝိုင်းတစ်ဝိုင်းမှ မောင်လွှယ်သည် ထိုင်ရာမှနေ၍ ထလိုက်၏။

အားလုံး၏အကြည့်များသည် မောင်လွှယ်ဆီသို့ရောက် သွားပြန်၏။ ကောင်လေးသည် ချောမောလှပသည့် ကောင်မလေးတစ်ယောက်ရှိသည့်ဝိုင်းသို့ လျှောက်သွားလိုက်၏။

မေစန္ဒာတို့ ထိုင်နေသည့် စားပွဲဝိုင်းဖြစ်သည်။





''ခဏောထိုင်မယ်နော်''

မောင်လွှယ်က ပြောလိုက်တော့ မေစန္ဒာက မော့ကြည့်သည်။

''ဟင်''

သူမလည်း အံ့သြသွားသည်။

■



www.burmeseclassic.com

www.burmeseclassic.com



[၃၀]

"တစ်ခါတုန်းက ကောင်မလေးတစ်ယောက်ကို ကောင်လေးတစ်ယောက်က ရည်းစားစကားပြောဖူးတယ်"

မေစန္ဒာက မောင်လွယ်ကို တစ်ချက်ကြည့်၏။

ထို့နောက်...

"ဟုတ်လို့လား"

ဟု မေး၏။

"ဟုတ်ပါတယ်၊ ကောင်လေးက ကောင်မလေးကို အရမ်းချစ်ပြီး သူချစ်တဲ့အကြောင်းဖွင့်ပြောတာပါ။ စိတ်ဝင်စားမယ်ဆိုရင် သူရည်းစား စကားပြောခဲ့တာလေး ပြန်ပြောပြချင်ပါတယ်"

မေစန္ဒာက မောင်လွယ်ကို ဘာမှပြန်မပြော။

မေစန္ဒာနှင့်အတူထိုင်နေသော ကောင်မလေးတစ်ယောက်က





သူ့သူငယ်ချင်းကိုကြည့်လိုက်၊ မောင်လွယ်ကိုကြည့်လိုက်နှင့် ဖြစ်နေသည်။

ခဏကြာသည်အထိ ကောင်မလေးက ဘာမှပြန်မပြော...။

တစ်ဆိုင်လုံးရှိ စကားသံများတိတ်ဆိတ်ပြီး သူတို့နှစ်ယောက်အသံများသာ ကြားနေရသည်။

မောင်လွယ် ဘာပြောတာလဲ ...။

အရင်တုန်းက စကားသွက်သော မေစန္ဒာမှာ အခုဘာကြောင့် ငြိမ်နေရတာလဲ...။

အားလုံးသည် လက်ဖက်ရည်သောက်ဖို့ပင် မေ့နေကြသည်။

"ငါပြန်ပြောပြရမလား မေစန္ဒာ"

မေစန္ဒာက မောင်လွယ်ကို ဆတ်ခနဲကြည့်သည်။

"နင် ငါ့ကို အဲဒီလိုခေါ်ပြန်ပြီလား"

"အို"

အားလုံး၏အံ့ဩမှု၊ စိတ်ဝင်စားမှုတို့သည် အရှိန်မြင့်တက်လာ၏။

သူတို့အရင်တည်းက သိနေကြတာလား...။

မသေချာသေး...။

မောင်လွယ်၏မျက်နှာတွင်လည်း အရောင်ပြေးတစ်ခုဖြစ်ပေါ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဒီလောက်တောင် ပြောပြချင်လည်း ပြန်ပြောပြပေါ့"

မေစန္ဒာက ခပ်ပြတ်ပြတ်ပြော၏။ သူမ၏မျက်နှာမှာလည်း ဝေခွဲ မရသည့် မျက်နှာဟု အားလုံးက တွေးမိနေကြသည်။

တစ်မိနစ်ခန့် ငြိမ်သက်သွားကြသည်။

မျက်ဝန်းများ ...

ပြီးတော့ အမူအရာများ ...

ဝေခွဲမရဖြစ်နေကြသည့် လှမ်းကြည့်နေကြသော မျက်လုံးများနှင့်အတူ တစ်ဆိုင်လုံးသည် ချောက်ချားနေသည်ဟု ထင်ရသည်။

"ကောင်းပြီလေ...ငါပြောတဲ့ဟာတွေက အမှန်တွေပါလို့တော့ နင်ယုံကြည်ပေးရမယ်"

"ဒါကတော့ ငါ့သဘောပါ"

မောင်လွယ် ဝမ်းနည်းသွားသည်။

သို့သော်လည်း စကားပြောရန်အတွက် အသင့်ပြင်လိုက်သည်။





[၃၁]

"အသက်ဘယ်လောက်ရှိပြီလဲ"

"ဘာလုပ်မလို့လဲ"

"ရည်စားစကားပြောမလို့ပေါ့"

"ရည်းစားစကားပြောတာပဲ အသက်လိုလို့လား။ သြော် သိပြီ ကျွန်မက အသက်မပြည့်မှာစိုးလို့လား"

"ဟင်...အတွေးအခေါ်ကလည်း ခေတ်မမှီလိုက်တာ"

"ဘာရှင့်"

ကောင်မလေးက ပြန်အော်သည်။

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်အား ရည်းစားစကားလိုက်ပြောနေခြင်းဖြစ်သည်။

နွေလယ်ခေါင်လမ်းတစ်ခုရဲ့ သစ်ပင်ပေါ်မှာ ငှက်တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



က အခြားငှက်မလေးတစ်ကောင်ကို တေးဆိုပြနေ၏။

ထိုလမ်းမှာပဲ ကောင်လေးက ကောင်မလေးကို ရည်းစားစကားပြောနေခြင်းဖြစ်သည်။

"ကျွန်တော် ဘာကြောင့်၊ အသံက်မေးတာလဲ သိလား"

"မသိဘူး"

"ဒီလိုဗျ"

"အင်း...ပြောပါဦး"

"ကျွန်တော်က ခင်ဗျားကို ရည်းစားစကားပြောရောဗျာ"

ကောင်မလေး၏မျက်နှာ မချိုမချဉ်ဖြစ်သွား၏။

"အင်း...ဟားပါတော့"

"အဲ...တိုက်တိုက်ဆိုင်ဆိုင်ပဲ ခင်ဗျားက ကျွန်တော့်ကို ပြန်ချစ်တယ်ပဲဆိုပါတော့"

ဒါကိုတော့ ကောင်မလေးက ဘာမှပြန်မပြောချေ။ မျက်နှာကတော့ 'ဪ...ဟုတ်လား' ဆိုသည့် ခနဲ့တဲ့တဲ့ပုံစံ ဖြစ်သွားသည်။ ကောင်လေးက ဆက်ပြော၏။

"အဲဒီအခါမှာ ကျွန်တော်က စဉ်းစားရပြီဗျို့၊ ဒီကောင်မလေးက ငါ့ကိုပြန်ချစ်တာဟာ တကယ်ချစ်တာလား၊ စိတ်ကစားတာလားပေါ့ဗျာ။ ဟဲ...ဟဲ ဒါကြောင့် စိတ်ကစားတဲ့ အသက်အရွယ်လားလို့ မေးကြည့်တာပါဗျ"





"ရှင်နော်"

ကောင်မလေး စိတ်ဆိုးသွားပုံပေါက်သည်။

ထို့ကြောင့် ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်သည်။

ကောင်လေးကလည်း အနောက်မှနေ၍ ထပ်ကြပ်မခွာလိုက်၏။

လမ်းမှာလည်း သူသွားလူလာ ရှင်းတာကြောင့် လူများတစ်ယောက်စ နှစ်ယောက်စသွားလာမှုကိုသာ တွေ့ရသည်။

"စိတ်ဆိုးသွားလား"

ကောင်မလေးက ပြန်မဖြေချေ။

"စိတ်ဆိုးသွားတယ်ဆိုတော့လည်း တောင်းပန်ရတော့မှာပေါ့"

ကောင်မလေး၏ခြေလှမ်းများက ခပ်သွက်သွက်လျှောက်နေဆဲဖြစ်သည်။

"နှင်းဆီပန်းကြိုက်တယ်ဆိုလို့ ကျွန်တော်ယူလာတာ။ ကျွန်တော့် မှားသွားရင်လည်း ခွင့်လွှတ်ပါ"

ကောင်လေးက သူဖွက်ယူလာသော နှင်းဆီပန်းနီရဲရဲကြီးတစ်ပွင့်ကိုထုတ်လိုက်ပြီး ကောင်မလေးအား လှမ်းပေးလိုက်၏။

ကောင်မလေးက နှင်းဆီပွင့်ကို တစ်ချက်ငုံ့ကြည့်၏။

လှပသော အနီရောင်နှင်းဆီပွင့်ကြီးတစ်ပွင့် ...။



www.burmeseclassic.com

www.burmeseclassic.com



ယန်းတစ်ပွင့်၏လှပမှုသည် ထိုပန်း၏ မွှေးပျံ့သော ရနံ့မပါဘဲ မပြည့်စုံနိုင်ဟု လက်ခံထားသော သူမမှာ...။

ယခုအလွန်မွှေးကြိုင်သော နှင်းဆီပန်းရနံ့က သူမကိုအနည်းငယ် စွဲဆောင်သွားကြောင်း ဝန်ခံရမည်။

"ရှင်က ကျွန်မ နှင်းဆီပန်းကြိုက်တာသိတယ်ပေါ့"

"ကိုယ်ကလည်း နှင်းဆီကြိုက်တဲ့အတွက် မင်းလည်းပဲ နှင်းဆီကြိုက်လိမ့်မယ်လို့ ခံစားမိတဲ့အတွက် ယူလာတာပါ"

"အံမယ် အပြောကတော့ တယ်ချိုပါလား။ ဒါဆို ရှင်က နှင်းဆီပန်းကြိုက်တယ်ပေါ့"

"ကြိုက်ပါတယ်"

"ရှင် နှင်းဆီပန်းအကြောင်း ဘယ်လောက်သိလဲ"

"အတော်အသင့် သိပါတယ်"

ထိုအချိန်ထိ ကောင်မလေးက ကောင်လေး၏ နှင်းဆီပန်းကို မယူသေးချေ။

"အဲဒါဆိုရင် ရှင့်ကို ကျွန်မက နှင်းဆီပန်းတွေစိုက်ထားတဲ့ ခြံတစ်ခြံအကြောင်းပြောပြမယ်"

"ဟုတ်ကဲ့"

"ပြီးရင် အဲဒီပန်းတွေနဲ့ပတ်သက်တဲ့ နှင်းဆီပုံပြင်ကို ပြောရမယ်"





"အာ...ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့... အကယ်၍များ ရှင်က အဲဒီနှင်းဆီပုံပြင် ပြောနိုင်တယ်ဆိုရင် ရှင်ပေးတဲ့ နှင်းဆီကို ကျွန်မယူမယ့်အပြင် ကျွန်မက ရှင့်ကို စကားလက်ခံပြီးပြန်ပြောမယ် အကယ်၍ မပြောနိုင်ဘူးဆိုရင်တော့ ကျွန်မနောက်ကို ဆက်မလိုက်နဲ့...ဘယ်လိုလဲ"

ကောင်လေးက ကောင်မလေး၏စကားအဓိပ္ပာယ်ကို အမြန်စဉ်းစားလိုက်သည်။

ထိုနောက်ခေါင်းညိတ်လိုက်ပြီး -

"ပြီးရော...ကတိတည်ပစေနော်"

"အင်းပါ...ကျွန်မ ပြောပြရတော့မလား"

"ရပြီ...ပြောပြတော့"

ကောင်မလေးက သူမရောက်ဖူးသည့် နှင်းဆီခြံအကြောင်းကို တစ်ဖက်ပါအတိုင်းပြောပြ၏



www.burmeseclassic.com

www.burmeseclassic.com



[၃၂]

"တစ်ခါတုန်းက နှင်းဆီပန်းမျိုးစုံစိုက်ပျိုးထားတဲ့ ခြံတစ်ခြံရှိတယ်"

"အင်း"

"အဲဒီခြံထဲမှာ သဘာဝနည်းနဲ့ရော၊ သဘာဝမကျတဲ့နည်းနဲ့ရော စိုက်ပျိုးထားတဲ့ နှင်းဆီပန်းတွေ အစုံရှိတယ်"

"ဪ"

သူတို့နှစ်ယောက်သည် လမ်းလျှောက်ရင်း စကားပြောလာကြခြင်းဖြစ်သည်။

"အဲဒီခြံထဲမှာ ထူးခြားတာ တစ်ခုရှိတယ်"

"ဘာလဲ"

"နှင်းဆီပန်းပုံပြင်"





"ဘယ်လို"

ကောင်မလေးစကားကို သူ နားမလည်ဘူးဖြစ်သွားသည်။ ဘယ်နှယ့် ...။ ခြံထဲမှာ နှင်းဆီပန်းပုံပြင်က ရောက်နေရတာလဲ။

"ဒီလိုပါ၊ အဲဒီခြံရဲ့တစ်နေရာမှာ နှင်းဆီပန်းခြောက်ပွင့် စိုက်ထားတယ်။ နှင်းဆီပန်းခြောက်ပွင့်မှာ ပုံပြင်တစ်ပုဒ်ရဲ့အဓိပ္ပာယ်ရှိတယ်လို့ ခြံပိုင်ရှင်က ပြောတယ်။ အဲဒီပုံပြင်က ဘာပုံပြင်လဲသိလား"

ကောင်လေး ခေါင်းနည်းနည်းစားသွားတယ်။

သို့သော် သိပ်ကြာကြာခေါင်းမစားလိုက်ရပါ။ သူ တစ်ခုခုကို တွေးမိသောကြောင့် ဖြစ်သည်။

"ဒါဆို နှင်းဆီပန်းခြောက်ပွင့်က အရောင်ခြောက်မျိုးဖြစ်ရမယ်"

"အံ့မယ်...ဘယ်ဆိုးလို့လဲ၊ ဟုတ်ပါတယ် အရောင်ကွဲပါတယ်"

ကောင်မလေးက ခပ်ပါးပါးလေးပြုံးကာ ကောင်လေးကို ငဲ့ကြည့်သည်။

"ဘာအရောင်တွေလဲ"

"ရှင် အဲဒီနေရာလေးကို ရောက်ရောက်ခြင်း အနီရောင်နှင်းဆီလေးကို တွေ့ရမယ်"

"အင်း"

www.burmeseclassic.com



"ပြီးတော့…ပန်းရောင်နှင်းဆီ၊ နောက်နှင်းဆီပန်းရဲ့ အဖူးလေးတွေမှာ အနီရောင်သန်းနေတဲ့ အဝါရောင်နှင်းဆီ၊ နောက်ပြီး ရိုးရိုးအဝါရောင်နှင်းဆီ၊ နောက်ဆုံးနှင်းဆီအရောင်ကတော့ အနက်ရောင်နှင်းဆီဖြစ်တယ်"

ကောင်မလေးက ရှည်ရှည်လျားလျား ပြောလိုက်ရ၍ မောသွားဟန်တူသည်။ ထို့နောက် မှုက်နှာဘေးအားလည်း 'ကဲ…အဲဒါပဲ ပြောပြတော့' ဟူသော အချိုးမျိုးချိုးလိုက်၏။

ကောင်လေးကလည်း ကောင်မလေးကိုပြန်ကြည့်လိုက်၏။

သူတို့ နှစ်ယောက်၏ပုံစံတွေက ရည်းစားစကားလိုက်ပြောခံရ၍ ကောင်မလေးက ရှက်နေခြင်း၊ ရည်းစားစကားလိုက်ပြော၍ ကောင်လေးက မဝံ့မရဲဖြစ်နေခြင်းတို့ မဖြစ်ကြဘဲ၊ နှစ်ယောက်သား 'ကဲ…ငါမေးပြီးပြီ၊ နင်ဖြေ' ဟူသော ရေးကတည်းက ပေါင်းလာသည့် သူငယ်ချင်းများ စတိုင်လ်ဖြစ်နေကြသည်။

"ကဲ…ပြောမှာလား"

"ပြောမှာပေါ့၊ အချက်တစ်ချက်စဉ်းစားနေတာ"

"ဘာလဲ၊ မပြောတတ်လို့ မဟုတ်လား"

"ဟာ…မဟုတ်ပါဘူး။ ဒါနဲ့မေးရဦးမယ်။ အဲဒီခြံပိုင်ရှင်က ယောကျာ်းလား၊ မိန်းမလား"

"ယောကျာ်း"





"ဟုတ်ပြီ၊ စပြောမယ်"

"ပြော…ပြောတော့"

ကောင်လေးက 'အဟမ်း' ဟု ချောင်းဟန့်လိုက်ပြီး

"အဲဒီပုံပြင်က တကယ့်ဖြစ်ရပ်မှန်ပုံပြင်ဟ"

"ဟုတ်လား"

ကောင်မလေး၏ 'ဟုတ်လား' အသံက ငေါ့သည့်ဟန်ပါနေသည်။

သို့သော် ကောင်လေးက အမှုမထားဘဲ သူ့စကားကို သူဆက်ပြောသည်။

"အဲဒီ ခြံပိုင်ရှင်ရဲ့ဇာတ်လမ်းလို့လည်း ပြောလို့ရတယ်"

"အင်း…ပြောပါဦး"

"တစ်နေ့ ခြံပိုင်ရှင်က အမျိုးသမီးတစ်ယောက်ကို ချစ်မိပုံပေါ်တယ်"

"ဘာဖြစ်လို့ အဲဒီလိုပြောရတာလဲ"

"အနီရောင်နှင်းဆီလေ၊ အနီရောင်နှင်းဆီ"

ကောင်မလေးမှာ စိတ်ဝင်စားသွားပြီး –

"အနီရောင်နှင်းဆီက ဘာဖြစ်လို့လဲ"

"အနီရောင်နှင်းဆီရဲ့အဓိပ္ပာယ်က 'နင့်ကို ငါချစ်တယ်' ဆိုတဲ့ အဓိပ္ပာယ်လေ။ ဒီတော့ ခြံပိုင်ရှင်က အမျိုးသမီးတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရေးဆိုခဲ့လိမ့်မယ်"

"အင်း...ထားပါတော့ ဆက်ပြောပါဦး"

"နောက်ထပ် နှင်းဆီအရောင်က ပန်းရောင်နှင်းဆီဆိုတော့ အမျိုးသမီးက သူ့ကိုအဖြေမပေးခင်ကာလအတွင်းမှာ သူတော်တော်လေးပျော်ခဲ့ပုံရတယ်။ ကြည်နူးတယ်။ နူးညံ့သိမ်မွေ့မှုတွေနဲ့ပေါ့"

"သြော်...ပန်းရောင်နှင်းဆီကြောင့်လား"

"ဟုတ်တယ်... ပန်းရောင်နှင်းဆီရဲ့အဓိပ္ပာယ်က ဝမ်းသာခြင်း၊ နူးညံ့သိမ်မွေ့မှုစတဲ့ အဓိပ္ပာယ်တွေထွက်တယ်"

ကောင်မလေး ဘာမှပြန်မပြောတော့...။

ကောင်လေးစကားကိုသာ စိတ်ဝင်တစားနားထောင်နေသည်။

"ပြီးတော့ သူ ချစ်တဲ့အမျိုးသမီးဆီက ချစ်ပါတယ်ဆိုတဲ့ အဖြေကိုရခဲ့တယ်။ ဘာလို့လည်းဆိုတော့ အဖျားမှာ အနီရောင်သန်းနေတဲ့ အဝါရောင်နှင်းဆီဟာ 'ချစ်ခြင်း' ဆိုတဲ့ အဓိပ္ပာယ်ရလို့ပဲ"

"သြော်"

"နောက်တော့ သူတို့ချစ်သူနှစ်ဦးဟာ သူက ဂရုစိုက်လိုက်၊ ဟိုက ဂရုစိုက်လိုက်နဲ့ ချစ်ခြင်း၏ကာလတွေကို ဖြတ်သန်းကြတယ်"

"သြော်...အဝါရောင်နှင်းဆီက ဂရုစိုက်ကြင်နာခြင်းတဲ့လား"

**အိပ်မက်အသစ်**



"အင်း...ပျော်ရွှင်မှု၊ ကျေနပ်မှု၊ ခင်မင်မှုဆိုတဲ့အဓိပ္ပာယ်တွေလည်းပါတယ်ပေါ့"

ကောင်မလေးက သူ့ကိုဆရာကြီးပြန်လုပ်နေသော ကောင်လေးအား မဲ့ကာရွဲ့ကာဖြင့် ပြန်ကြည့်ရင်း -

"ကဲ...နောက်ဆုံး ဘာဖြစ်သွားလဲ"

"အမျိုးသမီး သေသွားတယ်"

"အို"

အဖြေကို ကြိုသိပြီးသားဖြစ်ပေမယ့် ကောင်လေး၏ 'အမျိုးသမီးသေသွားတယ်' ဆိုတဲ့ စကားသံလေးက ကြေကွဲဖွယ်ကောင်းနေသည်ဟု ထင်မိသည်။

"အနက်ရောင်နှင်းဆီဟာ အများအားဖြင့် သေဆုံးခြင်းကို ကိုယ်စားပြုတယ်"

ဤသို့ဆိုလျှင် ကောင်လေးအား သူမနောက်ဆက်လိုက်ခွင့်ပြုရတော့မည်။

ထို့နောက် သူတို့နှစ်ယောက်သည် စကားဆက်မပြောတော့ပဲ ဖြည်းဖြည်းနှင့် လမ်းဆက်လျှောက်လာကြ၏။

ခဏကြာသောအခါ ကောင်မလေးက ကောင်လေးဘက်လှည့်ပြီး -

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

**အိပ်မက်အသစ်**

www.burmeseclassic.com

www.burmeseclassic.com



"မောင်လွယ်"

"ရှင် ကျွန်မအကြောင်းငဲ့ တော်တော်ကြီးသိထားလား"

"သိပ်မသိပါဘူး။ နာမည်ရယ်၊ နယ်ကနေ ဒီကိုခဏလာနေတာ ရယ်ပဲသိပါတယ်"

"ဘာပဲပြောပြော ကျွန်မ ရှင့်ကိုခင်ပါတယ်။ ဒီတော့ ရှင်က ပုံပြင်ကို မှန်အောင်ပြောနိုင်တဲ့အတွက် မနက်ဖြန်ကျရင် လမ်းထိပ်က အအေးဆိုင်ကိုလာခဲ့ပါလား"

ကောင်လေးမှာ ထိပေါက်တာလဟ် ပိုပျော်သွားပုံရပြီး -

"တကယ်လား...တကယ်လာမှာလား၊ မေစန္ဒာ"

"ရှင် ကျွန်မနာမည်ကို အဲဒီလိုမခေါ်နဲ့"

"ဘာဖြစ်လို့လဲ"

"ကျွန်မနာမည်ကို အဲဒီလိုအကုန်လုံးခေါ်တာမကြိုက်ဘူး ရှင့်"

"ဪ ..ဒါဆို 'စန္ဒာ'လို့ခေါ်မယ်...စန္ဒာ"

"ဘာလဲ"

"မနက်ဖြန် တကယ်လာမှာလားဟင်"

"ရော်...ခက်ပြီ၊ ကျွန်မက တကယ်လာမယ်လို့ပြောနေပြီပဲ"

"ဒါဆို လာခဲ့မယ်၊ မနက်ဖြန် မနက်နော်"





"အင်း"

ထို့နောက် ကောင်မလေးက ကောင်လေး၏ လက်ထဲမှ နှင်းဆီပန်းအားယူလိုက်ပြီး ရှေ့လမ်းဆုံလမ်းခွသို့ ရောက်သောအခါတွင် သူတို့ နှစ်ယောက်လမ်းခွဲလိုက်ကြ၏။

■

www.burmeseclassic.com



## [၃၃]

နောက်နေ့ချိန်းထားသည့် နေရာသို့ မောင်လွယ် တစ်ယောက် အစောကြီးရောက်နေသည်။

အအေးဆိုင်လေး၏ ထောင့်နေရာရှိ ခုံတစ်ခုံတွင် ထိုင်နေလိုက်သည်။ ဆိုင်ထဲကိုကြည့်လိုက်တော့ တစ်ဝိုင်း နှစ်ဝိုင်းလောက်သာ လူရှိနေသည်။

ထို့ကြောင့် ဟိုတွေး ဒီတွေးဖြင့် ဆိုင်အပြင်သို့ငေးကြည့်နေလိုက်သည်။ ကောင်မလေး ...။

ပြီးတော့...လှပတဲ့မျက်နှာလေး ...။

သူ သူမအကြောင်းကို စတင်ကြားရသည်မှာ ကင်းဟင်း၌ သူငယ်ချင်းများနှင့် ထိုင်နေတုန်း သူတို့ပြောသည့်စကားများထဲမှ စတင် သတိထားမိခြင်းဖြစ်သည်။





သူ့ သူငယ်ချင်းများက ကျောင်းပိတ်ရက်များ၌ အပြင် သင်တန်း တက်ကြသူများဖြစ်သည်။

သူတစ်ယောက်သာ အပျင်းကြီးနေသောကြောင့် လိုက်မတက် မိခြင်းဖြစ်သည်။

တစ်နေ့ သူ့သူငယ်ချင်းများ၏ စကားတွေထဲမှ မေစန္ဒာဆို သည့် နာမည်အား စတင်သတိထားမိလာသည်။

တစ်ရက်မဟုတ်...။ နေ့စဉ်ရက်ဆက်ဆိုတော့ သူနားကြား ပျင်းကတ်လာသည်။

ထို့ကြောင့် သူငယ်ချင်းများနှင့် အငြင်းအခုံဖြစ်မိသည်။

"မင်းတို့ နည်းနည်းလွန်လာပြီထင်တယ်ကွ"

သူ၏ နို့စိမ်းမပေါက်ပဲ ပလိန်းကြီးပြောချလိုက်သောကြောင့် မေစန္ဒာအကြောင်းပြောနေသော သူ့သူငယ်ချင်းများက သူ့ကိုလှည့် ကြည့်ကြသည်။

ဘာဖြစ်တာလဲဆိုတဲ့ ဟန်တွေနဲ့ပေါ့...။

"ဘာလဲ...မင်းက ငါတို့ပြောတာ မယုံဘူးပေါ့"

တကယ်တော့...ထိုကောင်မလေး ချောတာ၊ လှတာကို တော့ သူတို့အပြောနဲ့တင်ယုံပါတယ်။

ဒါပေမဲ့ နည်းနည်းပိုလွန်းနေသည်ထင်မိသောကြောင့် ပြောမိ ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ၊ နည်းနည်းများ ပိုပြောနေလားလို့"

"ဒါဆို ငါတို့သင်တန်းလိုက်ကြည့်ကွာ"

ဤသို့ဖြင့် နောက်ပိုင်းတွင် ခပ်ဆန်းဆန်းကောင်မလေးတစ်ဦး အဖြစ်လက်ခံမိသော မေစန္ဒာဆိုသည့်ကောင်မလေးအား လိုက်ကြည့်မိသည်။

"စပါကလင်တစ်လုံးပေးပါ"

ဘေးဝိုင်းမှ အအေးမှာသံကြောင့် အတွေးများပြတ်တောက်သွားသည်။

သူမ လာနေကျလမ်းကိုကြည့်လိုက်၏။ မလာသေး…။

ထို့ကြောင့် နာရီကိုကြည့်လိုက်သည်။

ချိန်းထားသည့်အချိန်ထက် ငါးမိနစ်စွန်းနေပြီဖြစ်သည်။

ဘာဖြစ်တာလဲ…။ ဘာကြောင့် မလာသေးတာလဲ။

ထို့နောက် ငါးမိနစ်ပဲစွန်းသေးတာ လာမှာပေါ့ဟု တွေးရင်း ဟိုဟိုဒီဒီလျှောက်ကြည့်နေမိပြန်သည်။

သူထိုင်နေသော အအေးဆိုင်သည် ဆိုင်ခန်းကြီးဖြင့် ဖွင့်ထားသော အအေးဆိုင်မဟုတ်…။ လမ်းဘေးမှာ သပ်သပ်ရပ်ရပ်ဆောက်ကာ ပစ္စည်းစုံစုံလင်လင်ဖြင့် ဖွင့်ထားသော အအေးဆိုင်ဖြစ်သည်။

သူ လမ်းမကိုပဲ တစ်ချိန်လုံးစိုက်ကြည့်နေမိသည်။

ထိုစဉ် ပစ္စည်းအပြည့်တင်လာသော ဒိုင်နာကားတစ်စီးသည်





လမ်းထဲသို့ ဝင်လာ၏။

ထိုဒိုင်နာကားကို မောင်းလွှယ်ကြည့်ကတည်းက တစ်ခုခုဖြစ်နေသည်ဟု ခံစားလိုက်ရသည်။

ဘာမှန်းမသိ…။ မျက်လုံးထဲတွင် ထိုကားသည် ထော်လော်ကန့်လန့်ဖြစ်နေသည်။

ပတ်ဝန်းကျင်သည် အေးဆေးဖြစ်နေ၏။

ကားသည် သူထိုင်နေသည့်ဆိုင်နှင့် ခပ်လှမ်းလှမ်းသို့ ရောက်လာ၏။ ကား၏အရှိန်သည် တော်တော်ပြင်း၏။

ဆိုင်နားရောက်တော့မည်၊ ရောက်ခါနီးပြီ…။

'ဝုန်း' ကနဲ သူ ခုန်ထလိုက်သည်။

ဆိုင်ထဲမှ ထိုင်နေသူများကိုလည်း အော်ပြောလိုက်၏။

အဖြစ်အပျက်သည် မြန်ဆန်းလွန်းလှသည်။

ဆိုင်ထဲကလူများ ဝရုန်းသုန်းကား ထွက်ပြေး…။

ဒိုင်နာကားသည်လည်း ဆိုင်ကိုဝင်တိုက်လေ၏။

ကား၏အရှိန်ကြောင့် ပစ္စည်းများ လွင့်ပုံကာ အသံပေါင်းစုံထွက်သွားသည်။

ကွဲသံ၊ ရှသံ၊ ထိခိုက်သံများနှင့်အတူ လူများ၏ အော်ဟစ်သံ။ သူလည်း ခဏကြောင်ပြီး ငေးကြည့်နေမိသည်။

မြန်ဆန်လွန်းလှ၍ တကယ်ဖြစ်တာမှဟုတ်ရဲ့လားပင် သံသယ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး ငေးကြည့်နေမိခြင်းဖြစ်သည်။

ဆိုင်ကို ကားဝင်တိုက်မှုကြောင့် လူအသေအပျောက်မရှိ …။

ဆိုင်တစ်ခုလုံးတော့ ရစရာမရှိအောင် ပျက်စီးသွားသည်။

ထို့နောက် တာဝန်ရှိသူများ ရောက်လာကာ သက်ဆိုင်သူအားလုံးကို ရုံးသို့ခေါ်သွား၏။

သူလည်း မျက်မြင်သက်သေတစ်ဦးအနေဖြင့် လိုက်ပါသွားရသည်။ ရုံးမှပြန်ရောက်ပြီး ပျက်စီးနေသော ဆိုင်နားသို့ရောက်သောအခါတွင် သူမကိုရှာလို့မတွေ့တော့။

နာရီကိုကြည့်မိတော့ ချိန်းထားချိန်ထက် နှစ်နာရီနောက်ကျနေပြီဖြစ်သည်။

ဆိုင်ကို သူမ ရောက်လာခဲ့ပါသလား …။

သူ အရမ်းသိချင်သည်။

နောက်တစ်နေ့တွင် သူမ၊လာရာလမ်းက စောင့်ကြည့်သော်လည်း သူမကို မတွေ့ရတော့။

သင်တန်းလည်း မတက်။ သူမ အိမ်နားမှာလည်း အရိပ်အယောင်မတွေ့ရတော့။

သူမ ဘယ်ပျောက်သွားပါသလဲ။

တစ်ရက်၊ တစ်ရက် ထိုအတွေးတို့ဖြင့် နှစ်မြုပ်နေသော်လည်း ကျောင်းသို့ မှန်မှန်ရောက်ဖြစ်၏။





ကျောင်းတက်နေရသော်လည်း အရင်တုန်းကလို ပျော်ရွှင်မှုမျိုး မခံစားရတော့…။

ဘာဖြစ်တာလဲ…သူမကို လွမ်းနေတာလား။

စာသင်တာကို စိတ်မဝင်စားတော့။

ထိုစဉ် စာသင်တာရပ်နားပြီးနောက် အတန်းသားများကို ပြောလိုက်သော ဆရာကြီး၏အသံကို ကြားလိုက်ရသည်။

"ကဲ…နောက်တစ်ပတ်ဆိုရင် ကျောင်းပိတ်တော့မယ် အားလုံးပျော်နေကြမှာပေါ့"

■



www.burmeseclassic.com

www.burmeseclassic.com



[၃၄]

'နောက်တစ်ပွဲဗျို့'ဆိုင်အတွင်းရှိ အသံများ တိတ်ဆိတ်နေသည်။

သူတို့သည် လောကကို ခဏမေ့နေသလို ငေးငေးငိုင်ငိုင်ဖြစ်နေကြသည်။

ဆားရေစိမ် …။ သူလည်း မျှော်လင့်ချက်မဲ့သွားသလိုဖြစ်သွားပြီး ခေါင်းငိုက်ပြီး မြေကြီးကိုသာ စိုက်ကြည့်နေသည်။

မောင်လွယ်က မေစန္ဒာကို နူးညံ့တဲ့အကြည့်တို့ဖြင့် ကြည့်နေပြန်သည်၊ မေစန္ဒာက မောင်လွယ်ကို မကြည့်ဘဲ ခေါင်းငုံ့ထားသည်။

"ငါ ဒီတစ်ပတ်အတွင်း ပြန်တော့မှာ"

မေစန္ဒာ ခေါင်းငုံ့ထားရာမှ မော့ကြည့်သည်။

ဘာမှတော့မပြော…။ သို့သော် တစ်ခုခုကို စိုးရိမ်သလိုမျိုးဟု





ဆိုင်ထဲက လူများက ထင်လိုက်ကြသည်။

"နင် အဲဒီအအေးဆိုင်ကို ရောက်ခဲ့လား၊ မရောက်ခဲ့လား၊ နင်ဘာကြောင့် ပြန်သွားတယ်၊ ဘာကြောင့် သင်တန်းမတက်တော့တာတွေ ငါမသိချင်တော့ပါဘူး စန္ဒာ။ ဒါပေမဲ့…ငါမပြန်ခင်တော့ နင်သတ်မှတ်ထားတဲ့ကိစ္စတွေကို ငါတတ်နိုင်သလောက်လုပ်ခဲ့ချင်တယ်"

"ဘာကိုလဲ"

"နင်ကြေငြာထားတဲ့ ဆိုင်းဘုတ်ထဲက အကြောင်းအရာတွေလေ။ ဘာဖြစ်လို့လဲဆိုတော့ ငါ နင့်ကိုသိပ်ချစ်လို့ပါ စန္ဒာ"

"အို"

ဆိုင်ထဲက လူတွေ၏ရင်တွင်းတွင် ကြည်နူးမှုတစ်ခုခံစားလိုက်ရသည်။ ဆားရေစိမ်က 'အီခနဲ'ကျိတ်ငိုသည်။ သို့သော် သူဘယ်လောက်ငိုငို သူ့ကိုကြည့်မည့်သူ မရှိ။

အခုအချိန်တွင် အားလုံး၏ရင်ထဲတွင် မောင်လွယ်နှင့် မေစန္ဒာတို့နှစ်ယောက်သာရှိနေကြသည်။

"ဘယ်လိုလဲ ငါ့ကိုခွင့်ပြုမှာလား"

မေစန္ဒာ ခေါင်းညိတ်ပြသည်။

ဘာရယ်ညာရယ်မဟုတ်ပဲ …ကြည့်နေသောသူများအားလုံးပျော်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



[၃၅]

ညဆယ့်နှစ်နာရီ...လူတော်တော်များများ အိပ်မောကျနေသည့်အချိန်ဖြစ်သည်။

ထိုစဉ် ရွာလမ်းမပေါ်၌ လူလေးယောက်သည် နှစ်ယောက်လျှင် ဘုတ်ပြားတစ်ချပ်စီဖြင့် ဘုတ်ပြားနှစ်ချပ်ကို ထမ်းကာလျှောက်လာလေ၏။

သူတို့သည် နေရာတစ်နေရာသို့ ဦးတည်သွားနေကြခြင်းဖြစ်သည်။

"ဟိုရှေ့ကနေရာပဲ ကိုမောင်လွှယ်"

လူငယ်လေးတစ်ယောက်က အခြားတစ်ယောက်ကို ပြောလိုက်၏။

ထို့နောက် သူတို့မ,လာသော ဘုတ်ပြားကြီးအား မြေပေါ်၌ချလိုက်၏။





ပြီးနောက် ဘုတ်ပြားကြီးအား ထောင်လိုက်ကာ တိုင်စိုက်လိုက်လေ၏။ ခဏကြာသောအခါတွင် သူတို့၏လုပ်ငန်းပြီးစီးသွားလေ၏။

အားလုံးသည် စိုက်ထားသော ဘုတ်ပြားကြီးအား နောက်ဆုံးအနေနှင့် ကြည့်လိုက်လေ၏။ ထိုဘုတ်ပြားပေါ်တွင် စာများရေးထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းဘုတ်နံပါတ်(၁)

လူမှာနေ့စဉ်လုပ်ရန် အချက်(၃)ချက်ရှိပါသည်။

၁။ အိပ်ယာမှထရန်

၂။ ယနေ့တွင် အသက်ရှင်နေထိုင်ရန်

၃။ အိပ်ယာဝင်ရန်

ကျွန်တော်သည် အထက်ပါသုံးချက်အား နေ့စဉ်လုပ်သောသူတစ်ဦးဖြစ်ပါသည်။

မောင်လွယ်



ဆိုင်းဘုတ်နံပါတ်(၂)

မိန်းမတို့အကြိုက် စကားကိုပြောဖို့ခက်ခဲပါတယ်။

မိန်းကလေးတွေ ဘယ်လိုစကားမျိုးကြိုက်လဲ ကျွန်တော်မသိပါ။

သူတို့နဲ့လည်း ခပ်များများစကားမပြောဖူးပါ။

သို့သော် ...

ကျွန်တော့်မှာ သူမအတွက် အရိုးသားဆုံးစကားတစ်ခွန်းသာရှိပါသည်။

ကျွန်တော် 'သူမ' ကို ချစ်တယ်။

မောင်လွယ်



www.burmeseclassic.com

www.burmeseclassic.com



## [၃၆]

နောက်တစ်နေ့တွင် ရွာသူရွာသားအားလုံးသည် ရွာလယ်ရှိ ဆိုင်းဘုတ်နှစ်ခုကိုတွေ့ကြရလေ၏။

ပထမတော့ ဘာရယ်မှန်းမသိ…။ နောက်မှ မောင်လွယ် လက်ချက်မှန်းသိသွားကြလေသည်။

“အေးဟဲ့…သူပြောတဲ့အချက်တွေကလည်း ဟုတ်တော့ ဟုတ်နေတာပဲ”

လမ်းသွားလမ်းလာ အမျိုးသမီးတစ်ယောက်က သူ့အဖော် အမျိုးသမီးအား ဆိုင်းဘုတ်ကိုကြည့်နေရင်းမှ လှမ်းပြောသည်။

ဤသို့ တစ်ယောက်စ နှစ်ယောက်စဖြင့် ‘မောင်လွယ်၏ ဆိုင်းဘုတ်နှစ်ခုသတင်း’သည် တစ်ရွာလုံးသို့ ပျံ့နှံ့သွားလေ၏။

“ဒါဆို မေစန္ဒာလုပ်ခိုင်းထားတဲ့ အလုပ်သုံးခုလုံးပြီးသွားပါပေါ့”





“နှစ်ခုပါ”

လူကြီးနှစ်ယောက် ငြင်းခုန်နေကြပြန်သည်။

‘သုံးခုပြီးတာပါ’လို့ ပြောတဲ့ ပထမလူကြီးက ခေါင်းယမ်းလိုက်ပြီး -

“ဒီလိုလေ…”

“အေး…ဘယ်လိုလဲ ရှင်းပြ”

ဒုတိယလူကလည်း ‘မဟုတ်ရင်တွေ့မယ်’ဆိုတဲ့ မျက်နှာထားနဲ့ ဖြစ်သည်။

“မေစန္ဒာပြောထားတာက အလုပ်သုံးခု၊ တစ်က လူတွေအားလုံး နေ့စဉ်လုပ်နေတဲ့ အလုပ်သုံးခု၊ နှစ်က မိန်းမတွေသိပ်ကြိုက်တဲ့စကား၊ သုံးက ကောင်လေးအချစ်ကို လူသိအောင်ကြေငြာရမယ်ဆိုတာလေ”

“အင်း”

“အခု မောင်လွယ်က ဆိုင်းဘုတ်(၁)နဲ့ နေ့စဉ်လုပ်တဲ့အလုပ်သုံးခုအကြောင်းပြောပြီးပြီ”

“ဒါတော့ လက်ခံတယ်”

“ပြီးတော့ …မိန်းကလေးတွေအကြိုက်စကားဆိုတာကို သူမပြောတတ်ပါဘူးဆိုပြီးတော့ သူချစ်တဲ့မိန်းကလေးကြိုက်အောင်ပြောသွားတယ်။ မိန်းကလေးဆိုတာကလည်း သူ့ကိုချစ်တဲ့ယောကျ်ားက

www.burmeseclassic.com



အခြားမိန်းကလေးတွေကို မချစ်ခဲ့ပါဘူး၊ ဘာညာဆိုတာကို သိပ်ကြိုက်တာ။ အဲ …ရိုးသားမှုတော့ရှိရမှာပေါ့"

"ဒါဆို မောင်လွယ်က မိန်းကလေးကြိုက်စကားလည်းပြော ဖြစ်အောင်ပြောသွားတာပေါ့"

"အင်း…ပြီးတော့၊ အခုငါတို့စကားထဲမှာ သူ့အကြောင်းရယ် သူ့အချစ်ရယ် ထည့်ပြောနေကတည်းက မေစန္ဒာပြောတဲ့ သုံးအချက်ကို မောင်လွယ်လုပ်ပြီးသားဖြစ်သွားရော"

"ဘာလဲ"

"ကောင်လေးအချစ်ကို လူသိအောင် ကြေငြာရမယ်ဆိုတာလေ"

"အဲ"

'မဟုတ်ရင်ပျော့မယ်' ဆိုတဲ့ ဒုတိယလူမျက်နှာထားမှာ ပြေလျော့သွားသည်။

ပထမလူကပဲ ဆက်ပြောသည်။

"ငါ့အထင်ပြောရရင် မေစန္ဒာဟာ မောင်လွယ့်ကို ပြန်ချစ်လိမ့်မယ်ကွ"

"ဒါဆို ဆားရေစိမ်နံကိစ္စကရော"

"အဲဒါ ဟိုတစ်နေ့က နောက်တစ်ပွဲဗျို့ဆိုင်မှာ မောင်လွယ်ပြောကတည်းက ဆားရေစိမ်နံကိစ္စဟာ ရေစုန်မျောသွားပြီဆိုတာ ငါတို့





သိလိုက်ရတယ်"

"ဒါလည်း ဟုတ်တာပဲ။ သူတို့ အရင်ကတည်းက သိနေကြတာလား မသိဘူးနော်"

"ဖြစ်နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ 'မေစန္ဒာ'က မြို့မှာ သင်တန်းတက်ဖို့ဆိုပြီး သွားသေးတယ်လေ။ အဲဒီမှာတွေ့တာဖြစ်မှာပေါ့"

"အင်းလေ…ဘာပဲဖြစ်ဖြစ်၊ သူတို့နှစ်ယောက်က လိုက်ဖက်ညီပါတယ်။ ငါသာ အဖေဆိုလည်း သဘောတူမှာပဲ"

သူတို့နှစ်ယောက်သည် လမ်းလျှောက်ရင်း စကားပြောလာကြခြင်းဖြစ်သည်။

ထို့နောက် စကားစပြက်သွားကြပြီး လမ်းသွားလမ်းလာအသိများကို နှုတ်ဆက်ပြီး လျှောက်လာခဲ့ကြသည်။

တစ်နေရာအရောက်တွင် ဒုတိယလူက-

"ငါမေးဦးမယ်"

"မေးလေ"

"အကယ်၍များ မေစန္ဒာက မောင်လွယ်ကို အဖြေလာတောင်းတော့ဆိုရင် အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းနဲ့ပေါင်းပြီး အဖြေသွား တောင်းရမှာနော်"

"အေးလေ"



www.burmeseclassic.com

www.burmeseclassic.com



"သူဘာယ်လိုလုပ်မလဲဆိုတာ ငါသိချင်လိုက်တာ"

"အာ…ဒါတော့ ငါလည်းမသိဘူး။ ငါသိရင် မေစန္ဒာကို ရည်းစားစကားပြောတာပေါ့ကွ၊ မင်းကလည်း…"

"အင်း…ဒါလဲဟုတ်တာပဲ"

"ဘာပဲ ပြောပြော၊ မနက်ဖြန်လောက်ဆိုရင် မောင်လွယ် အဖြေသွားတောင်းရတော့မယ်ထင်ပါတယ်"

"အဲဒီအခါမှ စောင့်ကြည့်ရမယ်"

ထို့နောက် သူတို့နှစ်ဦးသည် လမ်းဆုံလမ်းခွရောက်သောအခါ တွင် အသီးသီးလမ်းခွဲလိုက်ကြသည်။

■



အတွင်း (၃၇)မင်း၊ အပြင်(၃၇)မင်းပေါင်း၍ ၄င်းနှင့်အတူ အဖြေလာရောက်တောင်းယူရမည်။



www.burmeseclassic.com

www.burmeseclassic.com



[၃၇]

ဆိုင်ထဲသို့ မောင်လွှယ် ဝင်လိုက်သောအခါတွင် သူ့စိတ်ထဲမှာ စိုးရိမ်စိတ်တစ်ခုရှိနေတာကို သတိထားမိသည်။

မေစန္ဒာသီက အဖြေသွားတောင်းရတော့မည်ဆိုသောကြောင့် ရင်ခုန်နေတာလား။

ဖြစ်နိုင်ပါသည်။ သို့သော်…အတွင်း (၃၇)မင်းကို အရင်ရှင်းရဦးမည်။

“မောင်လွှယ်…ဒီကိုလာ”

ဆရာကျော်နှင့် ဘိတ်သားတို့ရှိသော ဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

မောင်လွှယ် ဝင်ထိုင်လိုက်သောအခါတွင် တခြားဝိုင်းမှ လူတစ်ယောက်စ နှစ်ယောက်စတို့က သူတို့ဝိုင်းသို့ လာပြောင်းထိုင်၏။





မောင်လွှယ်၏ အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းကို သိချင်နေပုံရသည်။

“ကိုမောင်လွှယ်”

ဘိတ်သားက ခေါ်လိုက်ခြင်းဖြစ်သည်။

“ပြောလေ…ဘိတ်သား”

“ဒီနေ့ အဖြေသွားတောင်းရမယ့်နေ့နော်”

“အေး…သိပါတယ်၊ ဒါနဲ့သူတို့ ဟိုသုံးချက်ကို လက်ခံတာသေချာရဲ့လား”

“ဆိုင်းဘုတ်မှာပါတဲ့ ကိစ္စတွေလား”

“ဟုတ်တယ်”

“သဘောတူတယ်၊ သဘောကျတယ်တဲ့။ ဒါကြောင့် အဖြေသွားတောင်းခွင့်ရတာပေါ့”

“ချစ်သူရွာရဲ့ထုံးစံဆိုရင် သူက အဖြေပေးရင် အားလုံးရှေ့မှာ ပေးရမှာလေ”

“အင်း…ဒါကတော့ သူက နဂိုကတည်းက ဆိုင်းဘုတ်ပေါ်မှာ စည်းကမ်းချမှတ်ထားတော့ လူရှေ့သူရှေ့မှာ မပေးလည်း ရပါတယ်။ သူ့စည်းကမ်းအတိုင်း လိုက်လုပ်ရတဲ့သဘောပေါ့”

“ဪ”

ရင်ခုန်သံ တဒိန်းဒိန်းမြည်သံသည် မောင်လွှယ်၏နားထင်



www.burmeseclassic.com

www.burmeseclassic.com



အထိပင် တဒုတ်ဒုတ်ရိုက်ခတ်နေ၏။

မေစန္ဒာက သဘောတူတယ်ဆိုရင် သူအဖြေသွားတောင်းရတော့မည်။ ခက်တာက…အတွင်း (၃၇)မင်း၊ အပြင်(၃၇)မင်းဆိုတာ ဘာလဲဟု မစဉ်းစားရသေးခြင်းဖြစ်သည်။

ညက စဉ်းစားတာ မသေချာသော အချက်တစ်ချက်ပဲ စဉ်းစားလို့ရသေးသည်။

"ဒီလိုဆို အဖြေသွားတောင်းရာမှာပါတဲ့ အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်းဆိုတာရော"

ဆရာကျော်က မေးလိုက်ခြင်းဖြစ်သည်။

မောင်လွယ်က ခေါင်းခါလိုက်ပြီး -

"သေချာမစဉ်းစားရသေးဘူး၊ အဖြေလည်း မထွက်သေးဘူး"

"ဟင်…ဘယ်လိုလုပ်မလဲ"

အားလုံး၏ရင်ထဲတွင် အပူလှိုင်းတချို့ ဖြတ်သွားသလို ခံစားလိုက်ရသည်။

အဖြေတောင်းရင် 'အတွင်း(၃၇)မင်း'၊ 'အပြင်(၃၇)မင်း'နဲ့ မောင်လွယ် သွားနိုင်ပါ့မလားပေါ့…။

ထိုအချိန်တွင် မောင်လွယ်တို့ ဝိုင်း၏ဘေးပတ်ပတ်လည်တွင် လူများ ဝိုင်းအုံနေကြပြီဖြစ်သည်။

သူတို့လည်း ထိုကိစ္စကို သိချင်စိတ်ပြင်းထန်နေကြသည်။





သူတို့ ကာလသားတွေကို လှည့်စားထားသော ဥာဏ်စမ်းပဲ သိချင်တာပေါ့ …။

"ကျွန်တော် ညကစဉ်းစားလို့ရတာ တစ်ချက်ပဲရှိတယ်"

မောင်လွယ်က ဆရာကျော်ကိုပြောသလိုနဲ့ အားလုံးသိအောင် ပြောလိုက်သည်။

"ဘယ်တစ်ချက်လဲ"

"သူ့အပြောမှာကတည်းက အတွင်း(၃၇)မင်း၊ အပြင်(၃၇)မင်းကို ပေါင်း၍ဆိုတော့…"

"အင်း"

"သချ်ာနည်းအတိုင်း ပေါင်းကြည့်ရမယ်လို့ ထင်တယ်"

"ဟုတ်ပါ့မလား"

ထိုစဉ် လူတစ်ယောက်က ဘော်လ်ပင်နှင့် စာရွက်ကိုထိုးပေးရင်း -

"ကိုမောင်လွယ် ပြောတဲ့အတိုင်း ပေါင်းကြည့်ဗျား ဘာဖြစ်မလဲသိချင်လို့"

ဟု ဆို၏။

အားလုံးကလည်း 'ဟုတ်တယ်၊ ပေါင်းကြည့်'ဟု ဆိုကြသည်။

မောင်လွယ်လည်း မနေသာတော့ပဲ စာရွက်ပေါ်မှာ အတွင်း (၃၇)မင်း၊ အပြင် (၃၇)မင်းကို ပေါင်းချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| အတွင်း | ၃၇ မင်း |
| အပြင် | ၃၇ မင်း |
| အတွင်းအပြင် | ၇၄ မင်းမင်း |





"ရလာတဲ့ (၇၄)ဂဏန်းကို တစ်လုံးထဲဖြစ်အောင်ထပ်ပေါင်းကြည့်ပါလား"

ဆရာကျော်က အကြံဉာဏ်ဝင်ပေး၏။

မောင်လွယ်ကလည်း ခေါင်းညိတ်ကာ ထပ်ပေါင်းပြန်သည်။

| | |
|---|---|
| အတွင်း | ၃၇ မင်း |
| အပြင် | ၃၇ မင်း |
| အတွင်းအပြင် | ၇၄ မင်းမင်း |
| အတွင်းအပြင် | ၂ မင်းမင်း |



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရှုရှိလာသော အဖြေကိုကြည့်၍ မောင်လွှယ် အံ့သြသွားသည်။

တစ်ခုခုကိုလည်း သူရိပ်မိလိုက်သလိုရှိသွားသည်။

" '၂' ဆိုတဲ့ဂဏန်းဟာ မြန်မာစာအသုံးအနှုန်း 'နှင့်' နဲ့ အသံထွက်နည်းနည်းဆင်တယ်မှတ်လား ဆရာကျော်"

"အေးလေ"

"ဒါဆို ကျွန်တော် သဲလွန်စတစ်ခုရသွားပြီ"

"ဘာလဲ"

မောင်လွှယ်က ခုနကပေါင်းထားသည့် အောက်တွင် နောက်ထပ် စာတစ်ကြောင်းထပ်ဖြည့်၏။

ဝိုင်းအုံနေသော လူများကလည်း စိတ်ဝင်စားနေတာကြောင့် မောင်လွှယ် ဘာလုပ်လုပ် မလွှတ်တမ်းကြည့်နေကြသည်။



| | | |
|---|---|---|
| အတွင်း | ၃၇ | မင်း |
| အပြင် | ၃၇ | မင်း |
| အတွင်းအပြင် | ၇၄ | မင်းမင်း |
| အတွင်းအပြင် | ၂ | မင်းမင်း |
| အတွင်းအပြင် | နှင့် | မင်းမင်း |



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာမှာ မင်းမင်းဆိုတဲ့ လူနာမည် ဘယ်နှစ်ယောက်ရှိလဲ"

မောင်လွှယ်က ဘိတ်သားကို မေးလိုက်သည်။

"သုံးယောက်"

"ဘယ်သူတွေလဲ"

"တစ်ယောက်က ကွမ်းယာဆိုင်ဖွင့်ထားတဲ့ မင်းမင်း၊ နောက်တစ်ယောက်က လယ်လုပ်တဲ့ မင်းမင်း၊ အဲ …နောက်ဆုံးတစ်ယောက်က ခြံစောင့်တဲ့ မင်းမင်း၊ ပြောရရင် မေစန္ဒာတို့ အိမ်က ခြံစောင့်ရဲ့ နာမည်ကို က မင်းမင်းပါ"

"ဟာ"

အားလုံး အံ့သြသွားကြသည်။

စိတ်ဝင်စားမှု အရှိန်လည်းမြင့်တက်လာကြ၏။

"ဆရာကျော်"

"ဟေ"

ဆရာကျော်က မောင်လွှယ် မျက်နှာကိုကြည့်ရင်း 'ဟေ' ဟု ပြန်ထူး၏။





မောင်လွှယ်မျက်နှာတွင် တစ်စုံတစ်ခုအဖြေရသွား၍ ကြည်နူးမှု၊ ကျေနပ်မှုအရိပ်အယောင်များ ပေါ်နေသည်။

"ခြံစောင့်ဟာ ခြံရဲ့လုံခြုံရေးကို စောင့်တဲ့အခါ ဘယ်တွေစောင့်ကြည့်ရတာလဲ"

"ခြံရဲ့ အတွင်းအပြင်ကိုပေါ့ကွ"

"ဒါဆို ကျွန်တော်အခု အဖြေတောင်းရင် သူတို့အိမ်ကိုသွားပြီးရင် ခြံစောင့်နဲ့တွေ့၊ ခြံစောင့်က မေးလိမ့်မယ်။ ဘယ်သူနဲ့တွေ့ချင် လို့လဲပေါ့။ ကျွန်တော်က မေစန္ဒာနဲ့ တွေ့ချင်လို့ဆိုပြီးဖြေရင် သူက တံခါးတွေဘာတွေ ဖွင့်ပေးပြီး သူနဲ့အတူတူ အိမ်ထဲဝင်ရမယ် ထင်တယ်။ အဲဒီလိုဆိုရင် နောက်ဆုံးအဖြေဖြစ်တဲ့ အတွင်းအပြင်နှင့် **မင်းမင်း** နဲ့ သူ့ဆီမှာ အဖြေလာတောင်းတာဖြစ်သွားပြီပေါ့"

"အို"

အားလုံး ဘာပြောလို့ပြောရမှန်းမသိဖြစ်သွားသည်။

ထို့နောက် မောင်လွှယ်သည် ထိုင်နေရာမှ ထလိုက်၏။

"ကျွန်တော် သူ့ဆီသွားပြီး အဖြေတောင်းလိုက်ဦးမယ်"

ဟု အားလုံးကိုကြည့်ပြီး ပြောလိုက်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



[၃၈]

BURMESE CLASSIC .com

"နောက်တော့ ဘာဆက်ဖြစ်လဲ ဆရာကြီး"

ကျောင်းသားလေးတစ်ယောက်က ဆရာကြီးအဖြေကို မစောင့်နိုင်တော့ပဲ ကြားဖြတ်မေးလိုက်သည်။

ဆရာကြီးကလည်း မေးတဲ့ကျောင်းသားအပါအဝင် အခြားကျောင်းသား၊ ကျောင်းသူများကိုကြည့်လိုက်ပြီး

"မင်းတို့ ဘယ်လိုထင်လဲ"

ဟု မေးလိုက်၏။

"သူတို့နှစ်ယောက် ကြိုက်သွားတယ်လို့ထင်ပါတယ်"

ဆရာကြီးက ခေါင်းညိတ်သည်။

"အင်း ..သူတို့နှစ်ယောက် ကြိုက်သွားကြပါတယ်။ ဒါပေမဲ့..."





ဆရာကြီးက စကားကို ခဏရပ်ထားသဖြင့် အားလုံးမှာ ဆန့်တငင်ငင်ဖြစ်သွားကြသည်။ ဘာလဲပေါ့...။

ဆရာကြီးကလည်း ဆက်ပြောပြပါသည်။

"ချစ်သူရွာကို မောင်လွှယ်မရောက်ခင်အထိ မောင်လွှယ်နဲ့ မေစန္ဒာဟာ တစ်ခါမှ တွေ့ဆုံခဲ့ဖူးခြင်းမရှိပါဘူး"

"ဟင်...သူပြောတော့ သူက ရည်းစားစကားတောင်လိုက်ပြောဖူးတယ်ဆို"

"ဆရာကြီးတို့ပြန်တော့ မောင်လွှယ်က ဆရာကြီးကိုရှင်းပြပါတယ်"

အားလုံးက ဆရာကြီးစကားကိုပဲ ငေးစိုက်နားထောင်နေကြသည်။

ဆရာကြီး ဦးကာလဖေသည် သူ့တပည့်များအား ချစ်သူရွာအကြောင်းကို အားသည့်အချိန်တိုင်း ပြောလာခဲ့ခြင်းဖြစ်သည်။

ယခုနောက်ဆုံးရောက်တော့မှာမို့ စိတ်ဝင်စားနေကြခြင်းဖြစ်သည်။

"သူ အဲဒီကောင်မလေးကို 'နောက်တစ်ပွဲဗျို့' ဆိုင်ထဲ ဝင်လာကတည်းက ချစ်မိတာပါတဲ့"

"အဟိ...ကိုမောင်လွှယ်တို့လုပ်ပြီ"

ကျောင်းသူလေးတစ်ယောက်က သဘောကျစွာဖြင့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက သူ့မ စကားကြောင့် ဝိုင်းရယ်မိကြသည်။

"အဲဒါနဲ့… သူလည်း သူမတို့ဝိုင်းကိုသွားထိုင်တော့ ကောင်မလေးက သူ့ကိုပြန်ကြည့်တဲ့ အကြည့်။ အဲဒီအကြည့်ထဲမှာ သူ့အတွက် တစ်စုံတစ်ခုပါသွားတာကို တွေ့လိုက်ရတယ်တဲ့။ သူပြောတာကတော့ ချစ်ခြင်းတဲ့"

"အို"

ခုနက ကျောင်းသူလေးကပဲ 'အို' လိုက်ပြန်သည်။

ရယ်သံများ ထွက်လာပြန်၏။

"အဲဒီအခါမှာ ဆားရေစိန်အတွက် မျှော်လင့်ချက်မရှိတော့ဘူးဆိုတာ သူသိသွားတယ်တဲ့။ ဒီတော့…သူက ကောင်မလေးကို မေစန္ဒာလို့ခေါ်လိုက်တယ်။ အဲဒီအခါမှာ ကောင်မလေးက 'နင်ငါ့ကို အဲဒီလိုမခေါ်နဲ့'လို့ အရင်ကတည်းက ရင်းနှီးသလိုလို ဘာလိုလိုနဲ့ ပြန်ပြောတယ်"

"… … …"

"အဲဒီမှာ မောင်လွှယ်က အံ့သြသွားပြီး သူနဲ့ ငါနဲ့လည်း အရင်တုန်းက မသိဘဲနဲ့ ဘာဖြစ်လို့အဲဒီလို ပြောတာလဲဆိုပြီး စဉ်းစားရော။ နောက်ဆုံး သူတစ်ခုရိပ်မိသွားတယ်"

"ဘာကိုလဲ ဆရာကြီး"

"ကောင်မလေးက မောင်လွှယ်နဲ့ သူနဲ့ဟာ အရင်ကတည်း





က ဇာတ်လမ်းရှိခဲ့တာပါဆိုတာကို လူတွေအားလုံးသိစေချင်ပုံရတယ်ဆိုပြီးတော့ပေါ့"

"ဘာဖြစ်လို့ သိစေချင်ရတာလဲ ဆရာကြီး"

"သူက ဆားရေစိန်ကို မကြိုက်ဘူးလေ။ ဒီတော့ မောင်လွှယ်ကိုကြိုက်ရင် ဆားရေစိန်ကို ကြိုက်ရတော့မယ်။ ဒီတော့… မောင်လွှယ်နဲ့ သူနဲ့ဟာ အရင်ကတည်းက ဇာတ်လမ်းရှိခဲ့တာပါ။ ဆားရေစိန်က အခုမှအကူအညီတောင်းတာတွေကို လူတွေသိစေချင်တာပေါ့"

"ဪ…သူကလည်း ကိုမောင်လွှယ်ကို မြင်မြင်ချင်းချစ်မိသွားတာပေါ့"

"ဟုတ်တယ်"

"ဒါနဲ့ မောင်လွှယ်လည်း လုပ်ကြံဇာတ်လမ်းတစ်ပုဒ်ကို အမြန် ပြောလိုက်ရတယ်"

"ကိုမောင်လွှယ်က လူလည်ကြီးပဲ"

ကျောင်းသူလေးက မှဲ့ကာရွဲ့ကာပြောတော့ ဆရာကြီးပင် ရယ်မိ လေသည်။

"နောက်ဆုံး…မောင်လွှယ့်ကို မေစန္ဒာက ချစ်မိသွားတော့ သူမေးထားတဲ့ မေးခွန်းတွေ၊ ပဟေဠိတွေအားလုံးကို မောင်လွှယ် ဘယ်လိုပဲဖြေဖြေ သူကတော့ အဲဒီအဖြေတွေ နည်းနည်းလေးကျိုးကြောင်းဆီလျော်သွားတာနဲ့ လက်ခံမိသွားတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ…အချစ်၊ အချစ်"

ရယ်ကြပြန်သည်။

ဆရာကြီးသည် သူ့တပည့်များကိုကြည့်ပြီး ကြည်နူးနေမိသည်။ မည်သို့ဆိုသော် သူသည် ပျော်စရာကောင်းသည့် စာသင်ခန်းပုံစံဖြင့်သာ စာသင်လိုခြင်းဖြစ်သည်။

"မရှင်းတာလေးမေးချင်လို့ပါ ဆရာကြီး"

ကျောင်းသားလေးတစ်ယောက်က စာမေးသည့်ပုံစံဖြင့် ထမေး၏။

"မေးလေ…ရပါတယ်"

"ဆရာကြီးပြောတဲ့ ဇာတ်လမ်းအစမှာ ကိုမောင်လွယ်က စိတ်ပျက်ပြီး မှိုင်နေတယ်ဆိုတာ ဘာကြောင့်ပါလဲ ဆရာကြီး"

"ဪ…ဒါလား၊ ဘာမှမဟုတ်ပါဘူး။ အိမ်မှာ သူ့အမေက ဆူလိုက်လို့ပါ။ ဒါကြောင့် ကျောင်းကိုစိတ်ညစ်ပြီး ရောက်လာတာလေ။ ပြီးတော့ စိတ်ညစ်ပြီး ခရီးသွားချင်လို့ ဆရာကြီးတို့နဲ့ ပါလာတာပါ"

ဆရာကြီးက သေသေချာချာရှင်းပြတော့ ကျောင်းသားလေး ပြန်ထိုင်သွားသည်။

"အဲဒီတုန်းက ဆရာကြီးမှတ်မိသေးတယ်။ သူ ဟိုးထောင့်မှာ ထိုင်နေတာ။ အခုတော့…သူ့မိန်းမဖြစ်တဲ့ မေစန္ဒာနဲ့ အိမ်မှာနေ၊နေ





လောက်ရောပေါ့"

ဟု ဆရာကြီးက အရွှန်းဖောက်လေသည်။ အားလုံးက ပြုံးစိစိဖြစ်သွားပြီး ဆရာကြီး ညွှန်ပြရာနေရာသို့ ကြည့်လိုက်ကြသည်။

ထို့နောက် ဆရာကြီးက -

"ကဲ…ဒီနေ့တော့ ဒီလောက်ပဲ။ နောက်အားတဲ့အချိန်တွေကျမှ ဆရာကြီးခရီးသွားခဲ့တဲ့အကြောင်းတွေကို ပြောပြမယ်"

ဟု ဆိုပြီး စာအုပ်များ ကောက်ကိုင်ကာ အတန်းဆင်းရန် ပြင်လိုက်၏။

ဤတွင် ကျောင်းသူလေးတစ်ယောက်က မတ်တပ်ရပ် ၍ ပြီး-

"ဟို…ဆရာကြီး တစ်ခုမေးဖို့ကျန်ခဲ့လို့ပါ"

"မေးလေ…ရပါတယ်"

"ဆရာကျော်နဲ့ သူချစ်တဲ့အပျိုကြီးမခင်စိန်နဲ့ ရသွားလားဟင်"

ဆရာကြီးက ပြုံးလိုက်ပြန်သည်။

ထို့နောက်…

"အဲဒါတော့ မင်းတို့ ဆရာကျော် စာလာသင်တော့မှပဲ မေးကြည့်ပေါ့"

ဟု ဆိုလိုက်ပြီး အပေါ်န်းထဲမှ ထွက်ခွာသွားလေတော့သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲရှိ ကျောင်းသာကျောင်းသူများလည်း မချင့်မရဲဖြစ်ပြီးကျန်ခဲ့ကြသည်။

လေးစားစွာဖြင့်
လူနေ





ဝန်ခံချက်

BURMESE CLASSIC .com

ကျွန်တော်သည် မကွေးတိုင်း၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်သို့ရောက်သောအခါတွင် နာမည်ဆန်းဆန်းနှင့် စိတ်ဝင်စားဖွယ်ကောင်းသော ချစ်သူ့ရွာသို့ ရောက်ရှိခဲ့ပါသည်။

ချစ်သူ့ရွာအဝင်တွင် ရှေးဟောင်းအုတ်ရိုးများဖြင့် တည်ရှိသော ချစ်သူ့ရွာ အဝင်တံတိုင်းကိုလည်း တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com









ထို့နောက် ထိုအုတ်တံတိုင်းအထဲသို့ဝင်ပြီး ဘောလုံးကွင်းကို ဖြတ်ပြီးသောအခါတွင် ချစ်သူရွာဟု အမည်ထိုးထားသော ရွာနာမည် ဆိုင်းဘုတ်ကို တွေ့မြင်ရသည်။ နေချင်စရာကောင်းသော ရွာလေး တစ်ရွာလည်းဖြစ်၏။

ဤသို့ တင်ပြရသည့်အကြောင်းအရင်းမှာ မြန်မာနိုင်ငံတွင် ချစ်သူရွာဟု အမည်တွင်သော ရွာလေးတစ်ရွာရှိပါသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခုဤချစ်သူရွာဝတ္ထုဒြပ်ပါသော ဇာတ်လမ်းအကြောင်းအရာ၊ နေရာတို့သည် ၄င်းချစ်သူရွာရှိ နေရာအနည်းငယ်နှင့် အကြောင်းအရာအချို့မှလွဲ၍ အားလုံးသည် ၄င်းရွာနှင့် မသက်ဆိုင်ကြောင်း စာရေးသူ၏စိတ်ကူးမှုသာဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ချစ်သူရွာသို့ ရောက်ရှိနိုင်ရန် အဖက်ဖက်မှ ကူညီပေးကြသော ပခုက္ကူမှ မောင်ဘိုဘိုဇင်၊ ပခန်းကြီးမှ ဂေါပကလူကြီးများနှင့် ချစ်သူရွာမှ ရွာသူရွာသားအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

*စာရေးသူ*

**အိပ်မက်အသစ်**

BURMESE CLASSIC .com


## Coming Soon

"ရှင့်ဇနီးဟောင်းအကြောင်းကို စဉ်းစားနေတာလား။ ရှင်နဲ့ကျွန်မ ကြားမှာသရဲမကဝင်နှောင့်တာ ငံ့ခံနေရမှာလား။ သရဲမက ကျွန်မတို့ကို ကွဲအောင်လုပ်နေတာ ကိုရောကျွန်မကခွင့်ပြုရမှာလား။ ဟင့်အင်း. . . ဟင့်အင်း. . . ကျွန်မ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ဘူး အက်ဗွပ်. . . လာပါ. . . ကျွန်မကိုဖက်ထားစမ်းပါ။ ဒါဟာ သရဲမကို မကြောက်ဖို့ဆေးနည်းပဲ။"

**သတိုးတော**

# သတိုးတော ဝေဝလကျ်
# အမှောင်ကြောက်သူ

ဗီလိုဒုတ်နံနံမျိုးကိုတစ္ဆေ သရဲကလွဲ၍ ဘယ်သူမှဖြတ်သန်းဝင်ရောက်၍ မသွားနိုင်။ ဝေဝေလွှင်က နံရံက မီးခလုတ်ကိုဖွင့်လိုက်သည်။ အခန်းထဲကို အလင်းရောင်ဖြာကျလာ၏။ အမှောင်ထုကွယ်ပျောက်သွားတော့ သူ့ကြောက်ရွံ့စိတ်တွေက အတန်ငယ်လျော့ပါး၍သွားသည်။ ဝေဝေလွှင်က ဆွယ်တာနီနီဖြင့် မိန်းကလေးဝင်ရောက်ပျောက်ကွယ်သွားရာ နံရံဆီသို့ ဖြည်းဖြည်းချင်း လျှောက်သွားကာ ကြည့်လိုက်လေသည်။

**ဝေဝလကျ်**


www.burmeseclassic.com